# ကြေးမုံ
## The Mirror

၁၃၇၀ပြည့်နှစ်တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက် ကြာသပတေးနေ့(13-11-2008)(၅၈၆၁)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ BIMSTEC ထိပ်သီးအစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော်　　နိုဝင်ဘာ　　၁၂

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ကျင်းပမည့် ဒုတိယအကြိမ် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်ချုပ် သူရမြင့်အောင်၊ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာအိန္ဒိယ သမ္မတနိုင်ငံ သံရုံး - သံရုံးယာယီ တာဝန်ခံ Ms. Sripriya Ranganathan နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ကြိုတင် ထွက်ခွာသွားကြောင်း သိရှိရသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း လိုက်ပါသွားကြသည်။ (သတင်းစဉ်)

အတည်ပြုချိန် ၁း၀၀

ကြေးမုံ The Mirror
၁၃-၁၁-၂၀၀၈
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ့တိုင်းရင်းဆေးပညာ လက်ဆင့်ကမ်းထိန်းသိမ်း နှုန်းမီစံကိုက် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်

မြန်မာ့တိုင်းရင်းဆေးပညာသည် ဆေးကျမ်းအဖုံဖုံ၊ ကုထုံးနည်းအသွယ်သွယ်၊ အာနိသင်ထက်မြက်သည့် ဆေးဝါးအရပ်ရပ်တို့ဖြင့် ပြည့်စုံသည့် ပညာရပ်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် မြန်မာ့တိုင်းရင်းဆေးဝါးကုထုံးတို့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လျက်ရှိသည်။

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဖြည့်ဆည်းပေးနေသည်။ တိုင်းရင်းဆေးတက္ကသိုလ်များ တည်ထောင်၍ ဆေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြုခြင်း၊ ပရဆေးဥယျာဉ်များ ထူထောင်ပြီး ဆေးဖက်ဝင်ပရဆေးပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်နှင့် ဝမ်းကိုက်စသည့် အဓိကရောဂါကြီးများအတွက် အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြု ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထို့အပြင် ပရဆေးဥယျာဉ်ကြီးများ၌ အဓိကရောဂါကြီးခြောက်မျိုးကို ကာကွယ်ကုသပေးနိုင်သည့် ပရဆေးပင် အမျိုးမျိုး၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ မီးယပ်နှင့် သားအိမ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သွေး၊ အဆီကျရောဂါ၊ အဖုအကျိတ်ရောဂါ၊ အာရုံကြောရောဂါနှင့် အသည်းရောဂါ စသည်တို့ကို ကုသနိုင်သော ပရဆေးပင်များကိုလည်း စိုက်ပျိုးထားရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ကျယ်ဝန်းနက်ရှိုင်းပြီး သိမ်မွေ့နက်နဲလှသည့်အတွက် ရှိရင်းစွဲ အစွမ်းသတ္တိနှင့် ဂုဏ်အင်္ဂါများ တိမ်းပါးပျောက်ကွယ်မသွားစေရေး လက်ဆင့်ကမ်းထိန်းသိမ်း မြှင့်တင်သွားကြရမည်ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာက လက်ခံနိုင်သည့် သိပ္ပံနည်းကျ ဆေးပညာတစ်ရပ်ဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားစေရေးအတွက် အဘက်ဘက်က အားပေးမြှင့်တင်ပေးလျက်ရှိသည်နှင့်အညီ တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် နှုန်းမီစံကိုက် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုပေးစွမ်းသွားနိုင်မည်ဖြစ်ပါသည်။ ။





# ကျိုက်မရောမြို့နယ် ကြက်ခြေနီအသင်း ရုံးသစ်ဖွင့်ပွဲနှင့် ကျောင်းကြက်ခြေနီလုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

**မြန်မာနိုင်ငံကြက်ခြေနီအသင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီဖက်ဒရေးရှင်း (IFRC)တို့ ပူးပေါင်းစီစဉ်ကြီးကြပ်မှုဖြင့် ငွေကျပ်သိန်း ၂၅၀ ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် မွန်ပြည်နယ် ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ မြို့နယ်ကြက်ခြေနီအသင်းရုံးသစ်ဖွင့်ပွဲကို အောက်တိုဘာ၁၆ရက်တွင် အဆိုပါ ရုံးသစ်ရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

ဆက်လက်၍ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်နှင့် ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဌေးအောင်တို့က ရုံးသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ရုံးသစ်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါအဆောက်အအုံကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီဖက်ဒရေးရှင်း (IFRC)တို့က မတည်လှူဒါန်းပြီး အလျားပေ ၃၀၊ အနံ ပေ ၅၀ရှိ ရုံးခန်းနှင့်သင်တန်းခန်းမ ပါဝင်သော တစ်ထပ်အဆောက်အအုံဖြစ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျိုက်မရောမြို့နယ် ကျောင်းကြက်ခြေနီလုပ်ငန်း ရှင်သန်ဖွံ့ဖြိုးရေး သင်တန်းဖွင့်ပွဲကို အဆိုပါအဆောက်အအုံသစ်၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ သုံးရက် ပို့ချသွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

# စိန်ဂေဟာ လှည်းတန်းစင်တာဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

စိန်ဂေဟာ စီးပွားရေးအုပ်စု၏ စိန်ဂေဟာ လှည်းတန်းစင်တာဖွင့်ပွဲကို နိုဝင်ဘာ ၇ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမ (လှည်းတန်းဈေးနှင့် မျက်နှာချင်းဆိုင်) အမှတ်(၃၉/၄၀) စန္ဒာမြိုင်တာဝါ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အထူးဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် စိန်ဂေဟာ စီးပွားရေးအုပ်စုမှ နာယကဦးဘအောင်၊ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝင်း၊ ဒါရိုက်တာ ဒေါက်တာထက်ကိုကိုနှင့် စန္ဒာမြိုင်တာဝါပိုင်ရှင် ဦးတင်မောင်သန်းတို့က စိန်ဂေဟာ လှည်းတန်းစင်တာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက စိန်ဂေဟာလှည်းတန်းစင်တာကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မြို့တော်ဝန်နှင့်ဧည့်သည်တော်များက စိန်ဂေဟာလှည်းတန်းစင်တာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

စိန်ဂေဟာလှည်းတန်းစင်တာ မြေညီထပ်တွင် SKY Mart Super Market သီးသန့်ခင်းကျင်းထားပြီး စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ၊ မုန့်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းမျိုးစုံ၊ မျက်နှာသုတ်ပဝါမျိုးစုံ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ လက်ပတ်နာရီနှင့် တိုင်ကပ်နာရီများ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ တီဗွီ၊ ရေခဲသေတ္တာနှင့် ပန်ကာမျိုးစုံ၊ စာအုပ်ဆိုင်နှင့် CD ဆိုင်များကိုလည်းကောင်း၊ ပထမထပ်တွင် အမျိုးသား၊ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ ဖိနပ်မျိုးစုံ၊ လက်ကိုင်အိတ်မျိုးစုံ၊ ပရိဘောဂများ၊ ကလေးအဝတ်အထည်နှင့် ကစားစရာပစ္စည်းများ၊ နာမည်ကြီး ကုန်အမှတ်တံဆိပ်များဖြစ်ကြသော Arrow, Getaway,Gyu Laroche,Hazard, Giffini GQ,Cheq, Deniel Lewis, Nobody, Bossini, TRI, Surifers Paradise, JOBB, Wacoal, ext, Ligne, Carlorino, Sensini Shoes, Shoe Gollery, Charles & Keith, Hi Style, Lily Shoe, Nina Shoe, Heat Wave တို့ကို နိုင်ငံတကာအဆင့်မီ ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ကာ ကလေးကစားကွင်းနှင့် Moon Bakery Coffee Shop တို့ကိုလည်း ဖွင့်လှစ်ထားသည်။

စိန်ဂေဟာ စီးပွားရေးအုပ်စုသည် စိန်ဂေဟာ ၁၉ လမ်း၊ စိန်ကောင်းဂေဟာ၊ စိန်ဂေဟာမတ်တူး၊ စိန်ဂေဟာ စင်ထရယ်မတ်(မောင်ခိုင်လမ်း)၊ စိန်ဂေဟာစူပါစင်တာ (ပြည်လမ်း) တို့ကို ဖွင့်လှစ်ထားသည့်အပြင် ယခု (စိန်ဂေဟာလှည်းတန်းစင်တာ) ကို ခြောက်ဆိုင်မြောက်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး စိန်ဂေဟာ လှည်းတန်းစင်တာကို နေ့စဉ်ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချမည် ဖြစ်သည်။ (သတင်းစဉ်)






# နှင်းဆီကုန်းဘိုးဘွားရိပ်သာ အနုပညာပွဲတော် ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)တို့ ပူးပေါင်း၍ နိုဝင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သော ပန်းချီအနုပညာပွဲတော်ကို စိန်ရတုခန်းမ(၂)၌ ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ လာရောက်ကြည့်ရှုသူများ စည်ကားလျက်ရှိသည်။

ပန်းချီအနုပညာရှင် အချို့သည် ပန်းချီကားများကို ဘိုးဘွားရိပ်သာသို့ အပြီးအပိုင်လှူဒါန်းကြပြီး ကျန်ပန်းချီဆရာများက ရောင်းရသည့် ပန်းချီကား တန်ဖိုးထက်ဝက်ကို ဘိုးဘွားများ ပြုစုစောင့်ရှောက်ရေးအတွက် လှူဒါန်းကြသည်။



ပြပွဲကို နိုဝင်ဘာ ၁ရက်မှ ၁၆ရက်အထိပြသထားမည်ဖြစ်ပြီး နောက်ဆုံးနေ့တွင် ဂုဏ်ပြုချီးမြှင့်ပွဲ ပြုလုပ်မည်ဖြစ်သည်။ Quick Sketch ပြိုင်ပွဲတွင် ဘိုးဘွားရိပ်သာမှ အသက် ၁၀၇နှစ်ရှိ ဘွားအေးမေပုံတူကို ရေးဆွဲကြရာ ပန်းချီဆရာ ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အသက် (၁၁)နှစ်အရွယ်ရှိ ကလေးငယ်အပါအဝင် ရေဆေး၊ ဆီဆေး ပြိုင်ပွဲဝင်သူပေါင်း ၃၂ ဦးရှိသည်။ အသက်(၇၅)နှစ်အရွယ်ရှိ စတား ဦးမြသန်းကလည်း ဆီဆေးပန်းချီကားကို ရေးသားလှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

**နိုဝင်ဘာ ၉ ရက်က အမက (၁၂)အင်းစိန်၏ ဘက်စုံပညာရည်ထူးချွန် ဆုပေးပွဲတွင် အင်းစိန်မြို့နယ်အဆင့်၊ ကျောင်းမိသားစုအဆင့်နှင့် ကျောင်းအဆင့် ဘက်စုံထူးချွန်ဆု ရရှိသည့် မောင်သီဟတင်အောင်စိုးအား ကျောင်းအုပ်ဆရာကြီး ဦးစောဖရင့်က ဘက်စုံဆုပေးအပ်ချီးမြှင့်စဉ်။**

(ပညာရေး)

# နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေး၌ ဝင်းသူဇာကုန်တိုက် ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာကုန်တိုက် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်သီရိရတနာ အဆင့်မြင့်ဈေး Shopping Complex အခန်းအမှတ်(၁၄၈)၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအေးမောက်တို့က ဝင်းသူဇာကုန်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က ကုန်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ ကုန်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဝင်းသူဇာကုန်တိုက်ကို တနင်္လာနေ့မှအပ ကျန်ရက်များတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်း အမျိုးအမည် ၄၈၆မျိုးကို ခင်းကျင်းရောင်းချလျက်ရှိပြီး မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေး၌ ဖွင့်လှစ်သည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာကုန်တိုက်တွင် ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၂

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ ၉ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် အလယ်စုကျေးရွာ အောင်မြင်သူစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုအားပေးသည်။ အဆိုပါ စာကြည့်တိုက်သည် အလျားပေ ၂၀၊ အနံ ၁၅ပေရှိပြီး ငွေကျပ် ၁၅သိန်း အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်သည်။**

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် ကြပ်ခေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလှူရှင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း မိသားစုက လှူဒါန်းပြီး အလျားပေ ၉၀၊ အနံပေ ၃၀ရှိကာ ငွေကျပ်သိန်း ၁၅၀အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်သည်။

ညနေပိုင်းတွင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ ကညင်ချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တံတားကိုဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁)က အကျယ် ၃၄ပေရှိ ကွန်ကရစ် နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်နေ ခြင်းဖြစ်သည်။



ဝန်ကြီးသည် နိုဝင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ဘုရားကွင်းကျေးရွာ တောင်သူ ဦးလှမိုး၏ လယ် ၁၀ဧကတွင် စုပေါင်းစပါးရိတ်သိမ်းပွဲကို တက်ရောက်အားပေးသည်။ အဆိုပါ လယ် ၁၀ဧကမှ မနောသုခစပါးများကို ရိတ်သိမ်းရာ တစ်ဧကလျှင် တင်း ၉၀နှုန်းထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် သိုက်တူးကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အားပေးသည်။

အဆိုပါ ကျောင်းဆောင်ကို မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းက လှူဒါန်းပြီး အလျားပေ ၉၀၊ အနံပေ ၃၀ရှိ၍ ငွေကျပ် ၁၄၄သိန်း အကုန်အကျခံ တည်ဆောက်ထားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

**ကြည့်ရှု**

**အားပေး**

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့နယ် အလယ်စုကျေးရွာ အောင်မြင်သူစာကြည့်တိုက်အတွင်း ကြည့်ရှုအားပေးစဉ်။**

(သစ်တော)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၁-၂၀၀၈ (ကြာသပတေးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “နမောငါးချက်စီးပွားတက်” တရားတော် (ဆရာတော်အရှင်လာဘ) |
| ၈း၁၀ - ၂း၁၀ | နိဗ္ဗာန်ဆီသို့ …အမေးအဖြေများ |
| ၈း၄၀ - ၂း၄၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၈း၅၀ - ၂း၅၀ | အနုပညာရပ်ဝန်းမှ ရှင်ခုနှ်သံများ “မြင်းမိုရ်ထက်ကသရှူ” |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၅ - ၃း၃၅ | ရှင်ခုန်စွန့်စား အပန်းဖြေခြင်းများ |
| ၉း၅၀ - ၃း၅၀ | စားချင်ဖွယ်ရာပြုလုပ်ထား ကံရိုးရှာက မုန့်ဟင်းခါးဖတ်ခြောက်များ |
| ၁၀း၀၀ - ၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | နယဉ်ဆန်းထွင် ပန်းအလှဆင် (မိမိစိတ်ကြိုက် ပန်းအလှပြင်ဆင်ခြင်း) |
| ၁၀း၃၀ - ၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | မင်းလှရေလှောင်တမံ |
| ၁၀း၄၅ - ၄း၄၅ | မီးဘေးအန္တရာယ်ကိုအထိရောက်ဆုံးကာကွယ်နိုင်သည့် AFTမီးသတ်ပစ္စည်းကိရိယာ |
| ၁၁း၁၀ - ၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၁၁း၅၀ - ၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ - ၆း၀၀ | အရက်အန္တရာယ်(သိပ္ပံမှူးတင်) |
| ၁၂း၂၀ - ၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ - ၆း၂၅ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခင်စန်းဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# KMD Computer Center ၏ NCC Education(UK) ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ရရှိခြင်းအကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

**KMD Computer Center ၏ NCC Education(UK)မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင် ဆုတံဆိပ်များ ရရှိခြင်းအကြောင်း ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံလမ်းရှိ Cafe Blues ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် KMD Computer Center မှ Senior Training Manager ဦးမျိုးထွန်းက NCC EducationProfile အကြောင်းကို ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများမှ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။**(ယာပုံ)**

KMD Computer Center သည် NCC Education (UK)က ချီးမြှင့်သည့် ၂၀၀၈ခုနှစ်အတွက် Academic Excellent Award နှင့် 15 Years Partnership Award တို့ကိုရရှိခဲ့သည်။ နိုင်ငံပေါင်း ၄၀ကျော်တွင် သင်တန်းကျောင်းခွဲပေါင်း ၁၅၀ဖွင့်လှစ်ထားသည့် NCC Education(UK) သည် သင်တန်းကျောင်းခွဲအားလုံးပါဝင်တက်ရောက်သည့် ဆဋ္ဌမအကြိမ် နိုင်ငံတကာအဆင့်ဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ရက်မှ ၂၃ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် သင်တန်းကျောင်းများအနက် အထူးချွန်ဆုံး သင်တန်းကျောင်း နှစ်ကျောင်းကို Academic Excellent Award များချီးမြှင့်ခဲ့သည်။

KMD Computer Center အနေဖြင့် သင်ကြားရေးပိုင်းတွင် စနစ်ကျကောင်းမွန်ခြင်း၊ သင်တန်းသားများအနက် တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံးဆုနှင့် အာရှဒေသတွင် အမှတ်အများဆုံးဆုရရှိသော သင်တန်းသားများ မွေးထုတ်ပေးနိုင်ခြင်းတို့ကြောင့် Academic Excellent Award ကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုကို KMD Computer Center အနေဖြင့် ၂၀၀၅ခုနှစ်ကလည်း တစ်ကြိမ်ရရှိခဲ့ပြီးဖြစ်သည်။

အလားတူ KMD Computer Center သည် NCC Education(UK) ၏သင်တန်းများကို မြန်မာနိုင်ငံတွင် ၁၉၉၃ခုနှစ်မှစတင်၍ ယခုအချိန်အထိ နှစ်ပေါင်းရှည်ကြာစွာ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် 15 Years Partnership Award (2008) ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း ဘဏ်ခွဲများစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းသည် နိုဝင်ဘာ ၁၀ရက်တွင် တောင်တွင်းကြီးနှင့် အောင်လံမြို့နယ် ဘဏ်ခွဲများသို့ ရောက်ရှိစစ်ဆေးပြီး မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်းရှိ မြို့နယ်မန်နေဂျာ ၁၁ဦးအား ၂၀၀၈-ခုနှစ် မိုးရာသီဘဏ်ချေးငွေနှင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)





# ဈေးရောင်းပွဲတော်ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက် မလိခအိမ်ရာဓမ္မာရုံ မိသားစုများ၏ ပဌမအကြိမ် နိဗ္ဗာန်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ရက်(တန်ဆောင်မုန်းလပြည့်နေ့) ညနေ ၃ နာရီခွဲက ရပ်ကွက်လုံးဆိုင်ရာ မလိခဓမ္မာရုံတော်ကြီးရှေ့၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲဝင်း၊ အိမ်ရာကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ဓမ္မာရုံနာယက ဦးသိန်းအောင်တို့က နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးကြသည်။

(၅၀၆)

အတည်ပြုချိန် ၂း၅၀



အီရတ်နိုင်ငံ မာမွတ်ဒီယား အရပ်တွင် မသင်္ကာဖွယ်ရာ အရပ်သားများကို အမေရိကန် တပ်ဖွဲ့ဝင်များ ဖမ်းဆီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ကန်အထောက်အကူပြုရေငုပ်သင်္ဘော အိုကီနာဝါသို့ဆိုက်ခြင်းအား ဂျပန် ကန့်ကွက်

**တိုကျို နိုဝင်ဘာ ၁၂**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းသို့ အမေရိကန် အဏုမြူရေငုပ်သင်္ဘော တစ်စင်းသည် ကြိုတင်ကြေညာခြင်း မရှိဘဲ ဝင်ရောက်ဆိုက်ကပ်ခြင်းအား ဂျပန်နိုင်ငံက တနင်္လာနေ့တွင် ကန့်ကွက်လိုက်သည်။

သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မိကိုဂျိယာဆူနာကာက ချူကလီးယား မတော်တဆမှုများ နောက်ထပ် မဖြစ်ပေါ်စေရေးအတွက် နည်းစနစ်ကျနစွာဆောင်ရွက်ရန် အမေရိကန် ရေတပ်အား တောင်းဆိုသည်။

လော့စ်အိန်ဂျလိစ် အမျိုးအစား တိုက်ခိုက်ရေး ရေငုပ်သင်္ဘောပရိုဗီးဒင့်သည် အိုကီနာဝါ အူရူမား၏ ဝှိုက်ဘိချ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီနှင့် မွန်းတည့်အကြားတွင် ဆိုက်ရောက်ခဲ့သည်ဟု ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်ကို တိုက်ခိုက်ရန် အမေရိကန်စစ်ဘက်က လျှို့ဝှက်အမိန့်ပေးခဲ့ဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

ဆီးရီးယား၊ ပါကစ္စတန်နှင့်အခြား နေရာအနှံ့အပြားရှိ အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် အခြား စစ်သွေးကြွများအား ၁၂ ကြိမ်ခန့် တိုက်ခိုက်ရန်အတွက် ၂၀၀၄ ခုနှစ် နောက်ပိုင်းတွင် အမေရိကန်စစ်ဌာန ချုပ်က လျှို့ဝှက်သည့် အခွင့်အာဏာကို အသုံးပြုခဲ့ကြောင်း နယူးယောက်တိုင်းမ်မှ တနင်္ဂနွေနေ့ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

**တာဝန်ပေး**

စစ်ဘက်ဆိုင်ရာ တိုက်ခိုက်လှုပ်ရှားမှုများကို ယခင်ကာကွယ်ရေး ဝန်ကြီးဟောင်း ဒေါ်နယ်ရမ်းစဖဲလ်က လက်မှတ်ရေးထိုးပြီး သမ္မတ ဂျော့ဂျ်ဘုရှ်၏ထောက်ခံချက်ဖြင့် အထူးလျှို့ဝှက်အမိန့်ထုတ်ကာ တာဝန်ပေးခဲ့ခြင်းဖြစ်သည်ဟု အမည်ဖော်ပြမှု မရှိသည့် စစ်ဘက်နှင့် ထောက်လှမ်းရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ခြောက်ဦးကို ကိုးကား၍ အဆိုပါ သတင်းစာက ဖော်ပြသည်။

***အင်တာနက်။***

## ဘာရာဇီးအဝေးပြေးလမ်းတွင် ကားဆောင့်မိ၍ မိန်းမသေဆုံး

**ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၁၁**

ဘရာဇီးနိုင်ငံ တောင်ပိုင်းတွင် တနင်္လာနေ့က အသက် ၆၇နှစ်ရှိ မုဆိုးမတစ်ဦးသည် ယောကျ်ား ဖြစ်သူ၏ခေါင်းနှင့် ၎င်း၏ ဦးခေါင်းကို ဆောင့်မိသဖြင့် ပွဲချင်းပြီးသေဆုံးသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဖြစ်ရပ်သည် ရီယိုဂရန်ဒီဒိုဆူလ်ပြည်နယ်တောင်ပိုင်း တာပီးစ်မြို့နယ်လေးတွင် ဖြစ်ခဲ့သည်။ ဇဟိုအဝေးပြေးလမ်း ရဲတပ်ဖွဲ့မှ ရရှိသည့် သတင်းမှာ ယောကျ်ားဖြစ်သူ၏ အလောင်းကို အယ်လ်ဗိုရာဒါမြို့သူသာန်သို့ ပို့ဆောင်စဉ် တိုယိုတာ ဟိုင်းလပ်စ်ပစ်ကပ် ထရပ်ကား၏ နောက်ခုံတွင် ပူပူနွေးနွေး မုဆိုးမဖြစ်လာသူမာစီယားနားဒါဆီးလ်ဗားဘာစီလို့စ်က ထိုင်လျက်လိုက်ပါလာသည်။

ယင်းထရပ်ကားသည် အာအက်စ် ၇၁၇ အဝေးပြေး လမ်းမပေါ်တွင် မောင်းနှင်နေစဉ် နောက်ဘက်မှနေ၍ အယ်လ်ဖာရိုဗီယို အမျိုးအစား ကားတစ်စင်း၏ ဝင်ဆောင့်တိုက်ခြင်းကို ခံရသည်။ တိုက်ချက် ပြင်းထန်သဖြင့် ခေါင်းသည် ရှေ့သို့ လျှောကျသွားပြီး ကားရှေ့ခန်းအတွင်းသို့ဖောက်ဝင်ကာ ဘာစီလို့စ်၏ဦးခေါင်းကိုဆောင့်လိုက်ရာသူမမှာပွဲချင်းပြီးသေဆုံးရရှာသည်။

ကားနှစ်စီးမှ မောင်းသူနှစ်ဦးကို ရဲတပ်ဖွဲ့က စစ်ကြောမေးမြန်းလျက်ရှိသည်။ မည်သူ့တွင်တာဝန်ရှိသည်ကို စစ်ဆေးစုံစမ်းမည်ဟုရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

## ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၂**

အီရတ်နိုင်ငံမြို့တော်၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဗုံးနှစ်လုံး ပေါက်ကွဲပြီး စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံး၍ ၂၃ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ဘက်ရှိ ပါလက်စတိုင်းလမ်း မော်ဝဲလ်စားသောက်ဆိုင်အနီး လူအုပ်စုကြီးအတွင်း ဗုံးနှစ်လုံး ပေါက်ကွဲရာ နှစ်ဦးသေဆုံးပြီး ဆောက်လုပ်ရေးလုပ်သားနှင့် သတင်းစာရောင်းသူများ အပါအဝင် ၁၇ ဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

ပေါက်ကွဲမှု ပြင်းထန်ခြင်းကြောင့် အနီးရှိ ဈေးဆိုင်များနှင့် အရပ်သားကားများ ပျက်စီးခဲ့သည်။

ယင်းနေ့နံနက်ပိုင်းမှာပင် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ရှာအတ်ရပ်ကွက်အတွင်း စိန်ပြောင်းကျည်နှစ်လုံးဖြင့် ပစ်ခတ်မှုကြောင့် အချို့အိမ်များပျက်စီးပြီး ဒေသခံခြောက်ဦး ဒဏ်ရာရရှိသွားသည်။

***အင်တာနက်။***



နာဆာ အာကာသသိပ္ပံမှ လွှတ်တင်ထားသော ဖီးနစ် အင်္ဂါဂြိုဟ်ဆင်းယာဉ်ကို ပန်းချီဆရာက စိတ်ကူးဖြင့် ရေးဆွဲထားပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်မြို့တော်အနီး အမေရိကန်သတင်းထောက် ပြန်ပေးဆွဲခံရ

**ကဘူး နိုဝင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး တောင်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာရှိ လိုဂါပြည်နယ်၌ နိုဝင်ဘာ ၁၀ ရက်က နယူးယောက်တိုင်းမ် သတင်းထောက် အမေရိကန်တစ်ဦးနှင့် အာဖဂန်သားနှစ်ဦးတို့ ပြန်ပေးဆွဲခံရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖြစ်ပွားပုံမှာ နယူးယောက်တိုင်းမ် သတင်းထောက် ဒေးဗစ်သည် ၎င်း၏ စကားပြန်တစ်ဦး၊ ယာဉ်မောင်းတစ်ဦးတို့နှင့်အတူ တနင်္လာနေ့ညနေပိုင်းက ရဲတပ်ဖွဲ့အား အကြောင်းကြားခြင်း မရှိဘဲ ချတ်ချ်ခရိုင်သို့ ထွက်ခွာလာစဉ် သေနတ်သမားများ၏ ဖမ်းဆီးခြင်းခံရကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

***အင်တာနက်။***

## အင်္ဂါဂြိုဟ်ပေါ်မှ ဖီးနစ်နှင့်ကမ္ဘာ အဆက်အသွယ် ပြတ်တောက်သွားပြီဟု နာဆာက ကြေညာ

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၁၂**

အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိကြောင်း သက်သေသာဓက အခိုင်အမာပြသလိုက်ခြင်းကြောင့် သမိုင်းတွင်သွားသော ဖီးနစ်မားစ်လင်ဒါး အာကာသစက်ရုပ်သည် ကမ္ဘာမြေပြင်နှင့် အဆက်အသွယ် ပြတ်တောက်သွားပြီဖြစ်ပြီး ငါးလကျော်မျှ ကြာမြင့်ခဲ့သော ၎င်းလုပ်ငန်းစဉ်များမှာလည်း အဆုံးသတ်သွားပြီ ဖြစ်သည်ဟု နာဆာက တနင်္လာနေ့တွင် ကြေညာသည်။

အင်္ဂါဂြိုဟ်၏ဆောင်းရာသီအစတွင် ဖီးနစ်သည် တဖြည်းဖြည်း အေးလာ၍ နောက်ဆုံးရပ်တန့်ကာ ကမ္ဘာမြေကြီးနှင့် အဆက်အသွယ်ပြတ်တောက်သွားသည်ဟု မျှော်လင့်ထားသည်။ သို့သော် ဖုန်မုန်တိုင်း တစ်ခုက အာကာသယာဉ်မှ ဖီးနစ်ယာဉ်သို့ နေရောင်ခြည်စွမ်းအင် ပေးနေခြင်းကို ဖြတ်ချလိုက်ပြီးနောက် ဖီးနစ်နှင့် ဗြုန်းစားကြီး အဆက်အသွယ်ရပ်ဆိုင်းသွားသည်။

လွန်ခဲ့သောမေလ နှောင်းပိုင်းက အင်္ဂါဂြိုဟ်၏ မြောက်ဝင်ရိုးစွန်းသို့ ဆင်းသက်ခဲ့သော ဖီးနစ်သည် နိုဝင်ဘာ ၂ ရက်က ကမ္ဘာမြေကြီးသို့ နောက်ဆုံး အဆက်အသွယ်လုပ်ခဲ့သည်။

**ရပ်ဆိုင်း**

ဖီးနစ်၏ လုပ်ငန်းစဉ်အားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဖီးနစ်မစ်ရှင်ပရောဂျက် မန်နေဂျာဘာရီဂိုးလ်စတိန်းက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဈေးကွက်တွင် ဆီအုန်းဈေးနှုန်းများ ကျဆင်းလျက်ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၂**

ဆီအုန်းဈေးနှုန်းများသည် ယခုအခါ အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိပြီးဖြစ်၍ အနာဂတ်တွင် ပြန်လည်မြင့်တက်လာမည်ဟု မျှော်မှန်းရကြောင်း ကျွမ်းကျင်သူ သောမက်မလ်ကီက ခန့်မှန်းသည်ဟု နိုဝင်ဘာ ၁၀ ရက်ထုတ် မလေးရှားမီဒီယာ သတင်းများတွင် ဖော်ပြသည်။ ကွာလာလမ်ပူမြို့အနီး ပီတာလင်ဂျာယာတွင် ဆီအုန်းရောင်းဝယ်သူ လုပ်ငန်းရှင် ၁၀၀ ကျော်တက်ရောက်သည့်ဆွေးနွေးပွဲတွင် မလ်ကီကအထက်ပါစကားများကို ပြောကြားခြင်းဖြစ်သည်။ ဆီအုန်းဈေးသည် လွန်ခဲ့သော သီတင်းနှစ်ပတ်က အနိမ့်ဆုံးသို့ ရောက်ရှိပြီးဖြစ်၍ ယခုအခါ အဆင့်ကူးပြောင်းမည့်ကာလတွင် ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သောရှစ်လအချိန်က ဆီအုန်းဈေးနှုန်းသည် အမြင့်ဆုံးဈေးဖြစ်သောတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၇၁အထိ ရောက်ရှိခဲ့သည်။ ထို့နောက်ပိုင်း၌ ဆီအုန်းဈေးနှုန်းသည်ပြန်လည်ကျဆင်းလာသည်။ ပြီးခဲ့သောသီတင်းနှစ်ပတ်ကမူ ဆီအုန်းဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၄ အထိ နိမ့်ဆင်းသွားသည်။ ***အင်တာနက်။***



ပစ်ခတ်တိုက်ခိုက်မှုများမှ ဝေးရာသို့ ပြေးနေရရှာသော မိခင်နှင့် ကလေးငယ်တို့ကို အီရတ်နိုင်ငံ နင်နီးဗားဒေသတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများကြောင့် ဒုက္ခရောက်ရရှာသော ဖခင်နှင့် သားငယ်တို့ကို ဘဂ္ဂဒက်ဆေးရုံတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အီရတ်နိုင်ငံတစ်ဝန်း ဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံးပြီး လူဒါဇင်ပေါင်းများစွာဒဏ်ရာရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တစ်ဝန်း၌ တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ ရှစ်ဦးထက်မနည်းသေဆုံးပြီး ဒါဇင်ချီရှိသည့် အခြားလူများ ဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ မိုဆူးတွင် အီရတ်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်းယာဉ်သည် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အီရတ်၏ တောင်ပိုင်းဒေသတွင်လည်း ခါလီယာမြို့ လက်ဖက်ရည်ဆိုင်ပြင်ပရှိ အမှိုက်ပုံးအတွင်းမှ ဗုံးပေါက်ကွဲရာလူနှစ်ဦးထက်မနည်းသေဆုံးပြီး မြို့တော်ဝန်အပါအဝင် လူ၁၃ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ***အင်တာနက်။***

▲ **ကျောဖုံးမှ**

အစင်စံပြကျေးရွာ အစဉ်စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် ရေး-မော်လမြိုင်လမ်း မိုင်တိုင်အမှတ်(၆၅/၀) ဘဲလမိုင်းအောင် သပြေကျေးရွာအနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ လမ်းပြုပြင်နေမှုအခြေအနေနှင့် မိုင်တိုင်အမှတ်(၄၈/၈)တွင် ကျောက်ချောလမ်းခင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် သံဖြူဇရပ်မြို့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းဖုန်းရုံးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုဒုံမြို့နယ် ကျောက်တလုံးကျေးရွာရှိ တောင်သူဦးဘသောင်း၏ ၁၂ ဧက ရော်ဘာစိုက်ခင်းနှင့် ရော်ဘာပင်ကြား ကြားသီးနှံအဖြစ် စိုက်ပျိုးထားသည့် နှမ်း(နှမ်းနီ) ငါးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မော်လမြိုင်မြို့ ဈေးချိုနယ်မြေ ဒေါင်းဇရပ် ရပ်ကွက်ရှိ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဂါလန် ၁၀၀၀၀၀ ဆံ့ ရေစုကန်နှင့် ရေစက်ရုံ ရွှေနတ်တောင်ရေပေးရေးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက မြို့အင်္ဂါရပ်နှင့်အညီ အဓိကကျသော နေရာများ၌ ရေပေးဝေနိုင်ရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းစီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် သံလွင်တံတား(မော်လမြိုင်)ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မွန်ပြည်နယ် ပေါင်မြို့နယ် ဖြူဘကျေးရွာရှိ တောင်သူ ဦးအေးငွေ၏ သီးထပ်ရင် ရွှေဘို(၁)အမျိုးအစား နွေစပါးဧက ၂၀ ထွန်ယက်စိုက်ပျိုးနေမှုနှင့် ရိတ်သိမ်းပြီးစပါးများ စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်-စစ်တောင်းလမ်းတစ်လျှောက် လမ်းပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သထုံမြို့နယ် ဒေးဗရိန်းကျေးရွာရှိ တောင်သူ ဦးအောင်မျင်၏ နွေစပါး ငါးဧကကို စက်ဖြင့်ထွန်ယက်မှု၊ မျိုးစေ့ချမှုနှင့် ပျိုးကြဲမှု၊ ရိတ်သိမ်းနေမှု သရုပ်ပြသခြင်းတို့ကို ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်များဖြင့် သထုံမြို့မှ ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် ကျိုက်ထိုမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

# အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဘာသာမြန်မာဘုန်းတော်ကြီးကျောင်း မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

## သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၂

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် အိန္ဒိယသမ္မတနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်း၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မဇ္ဈိမဒေသ-ဗုဒ္ဓဂယာ ကထိန်အလှူတော်မင်္ဂလာအခမ်းအနားသို့တက်ရောက်ရန် နိုဝင်ဘာ ၃ရက်တွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ အိန္ဒိယနိုင်ငံ ဂယာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရောက်ရှိခဲ့သည်။**

ဝန်ကြီးသည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများနှင့်အတူ ဂယာမြို့ ဗုဒ္ဓဂယာမြန်မာကျောင်းတွင် အိန္ဒိယသမ္မတနိုင်ငံအတွင်း ဒေသအသီးသီး၌ သီတင်းသုံးတော်မူကြသော မြန်မာကျောင်းထိုင် ဆရာတော် ၂၇ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဗုဒ္ဓဂယာ မြန်မာကျောင်းခန်းမဆောင်၌ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး "ဗုဒ္ဓဂယာ သာသနာ့နုဂ္ဂဟအသင်း"ဆိုင်ရာ ဩဝါဒခံယူပွဲ ကျင်းပရာ ဗုဒ္ဓဂယာ မြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒက ဩဝါဒကထာမြွက်ကြား၍ ဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ သံအမတ်ကြီးက သာသနာ့နုဂ္ဂဟအသင်းဆိုင်ရာ ကိစ္စရပ်များနှင့် ရန်ပုံငွေကိစ္စများ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဂယာမြို့ ဗောဓိရိပ်သာကမ္မဋ္ဌာန်းကျောင်း၌ ကျောင်းထိုင်ဆရာတော် ဦးစန္ဒမုနိအား ဖူးမြော်ပြီး ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော အမေရိကန်ဒေါ်လာ ၁၀၀၀၊သံမတ်ကြီးမိသားစုမှ လှူဒါန်းသော အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလှူရှင်တစ်ဦးက လှူဒါန်းသော ရူပီး ၂၂၅၀၀၀ တို့ကို လှူဒါန်းကြသည်။

ဝန်ကြီးသည် နိုဝင်ဘာ ၅ရက်တွင် မဟာဗောဓိဘုရားအား သွားရောက်ဖူးမြော်သည်။ ထို့နောက် ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ မဇ္ဈိမဒေသ-ဗုဒ္ဓဂယာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်၊ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒနှင့် အိန္ဒိယသမ္မတနိုင်ငံ ဒေသအသီးသီးရှိ မြန်မာကျောင်း ၂၁ ကျောင်းမှ ဆရာတော် ၂၇ပါး၊ ဝန်ကြီး၊ သံအမတ်ကြီး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ကာလကတ္တား ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာဘုရားဖူးအဖွဲ့ အင်အား ၃၀ကျော်နှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဝန်ကြီးက ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်ထံ ကထိန်ဥ တ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီး သံအမတ်ကြီးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်သူတို့က လှူဒါန်းသော သံဃာများအတွက် သင်္ကန်း ၈၈၄ထည်၊ ပရိက္ခရာ ၁၂၂စုံနှင့် ကျောင်းတစ်ကျောင်းလျှင် ရူပီး ၅၀၀၀၊ သံဃာတစ်ပါးလျှင် ရူပီး ၄၀၀စီဖြင့် စုစုပေါင်း ရူပီး ၂၅၅၄၀၀ ကို လှူဒါန်းသည်။ ယင်းနောက် အလှူရှင်များက ဒီပါအေးရတနာပုံ ကျောင်းအတွက် အလှူငွေ ကျပ်သိန်း ၂၆၀နှင့် အမေရိကန်ဒေါ်လာ ၃၁၀၀၊ ဦးဟန်ရှိန်နှင့် ဇနီး ဒေါ်မြမြလေး မိသားစုတို့က ဗုဒ္ဓဂယာ သာသနာ့နုဂ္ဂဟအသင်းအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ ဗုဒ္ဓဂယာ မြန်မာကျောင်း၌ လှူဒါန်းမှုမှာ ပဒေသာပင် ၂၇ ခု တန်ဖိုးငွေကျပ် သိန်း ၂၂၀ ကျော်ဖြစ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံရောက် ပညာတော်သင် မြန်မာ ရဟန်းတော်များကျောင်း၌ နာယကဆရာတော် အရှင်နန္ဒဝံနှင့် အမှုဆောင် ဆရာတော်များအား ဖူးမြော်ရာ ပညာတော်သင် မြန်မာရဟန်းတော်များကျောင်းမှ အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ညီမျှသော ရူပီး အလှူငွေ ၇၉၂၇၉ ကို နာဂစ်လေမုန်တိုင်းသင့် ဒေသများအတွက် အသုံးပြုရန် ဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် မဟာအောင်မြေကျောင်း၊ ကမ္ဘောဇ ရှမ်းကျောင်းနှင့် နိုဝင်ဘာ ၆ ရက်တွင် ရာဇဂြိုဟ်မြို့ ရာဇဂြိုဟ် မြန်မာကျောင်းတို့သို့ သွားရောက်၍ ဆရာတော် သံဃာတော်များအား ဖူးမြော်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေသို့ သွားရောက်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသော သာဂရ စက်မှုနယ်မြေရှိ စက်မှုသင်တန်းကျောင်းစီမံကိန်း၊ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်းနှင့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်းများသို့ ရောက်ရှိပြီး အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် စက်များ တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းနယ်မြေအတွင်းရှိ အရာထမ်းနှင့် အမှုထမ်းများ၏ အိပ်ဆောင်လိုင်းခန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ပြိုင်းချောင်းရေလှောင်တမံမှ** ဆက်လက်ထွက်ခွာလာခဲ့ရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးနှင့် တွေ့ဆုံခဲ့ပြီး ဇီးချောင်းရေလှောင်တမံနှင့်ပတ်သက်၍ သိလိုသမျှကို တွေ့ဆုံမေးမြန်းခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဦးစဝ်ခွန်ဦးနှင့်အတူ ဇီးချောင်းရေလှောင်တမံ တည်ဆောက်ရာ နယ်မြေသို့ ထွက်ခွာခဲ့သည်။ ဇီးချောင်းရေလှောင်တမံစီမံကိန်းသည် ကျောက်တော်မြို့မှ အရှေ့မြောက်ဘက် ပလက်ဝလမ်း၏ နှစ်မိုင်ခန့်တွင် ရှိသည်။

ဇီးချောင်းရေလှောင်တမံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်မှာ လယ်မြေဧက ၁၀၀၀ ခန့် စိုက်ပျိုးရေပေးဝေ၍ နွေစပါးနှင့် သီးထပ်သီးနှံ စိုက်ပျိုးလာနိုင်စေရန်ဖြစ်ပြီး ကျောက်တော်မြို့၏ အဓိကနေရာသို့ လျှပ်စစ်မီးပေးနိုင်ရန်ဖြစ်သည်။ ဇီးချောင်းကိုပိတ်ပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ ရေဆင်းဧရိယာ ၃ဒသမ ၀ စတုရန်းမိုင်ဖြစ်ပြီး နှစ်စဉ်စီးဝင်ရေ ဧကပေ ၁၃၂၀၀ ရှိသည်။ တမံအမြင့် ၁၁၅ ပေ၊ တမံအလျား ပေ ၈၄၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၇၅၃၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၅၈၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၁၅၄ဧက၊ရေထုတ်ပြွန်အမျိုးအစားသည် သံကူကွန်ကရစ်၊ ရေထုတ်ပြွန်အရွယ်အစား အကျယ် ၄ပေ×အမြင့် ၆ပေ တစ်ပေါက်ဖြစ်သည်။ ရေထုတ်ပြွန် အလျားပေ ၆၄၀ ရှိပြီး ရေထုတ်ပြွန်ဒီဇိုင်းရေထုစီးနှုန်း ၁၀၀ ကုဗပေ/စက္ကန့် ဖြစ်ကြောင်း သိရှိရသည်။

ရေထုတ်ပြွန်မှာလည်း သံကူကွန်ကရစ်ဖြစ်ပြီး အရွယ်အစားအကျယ် ၄ပေ×အမြင့် ၆ ပေ တစ်ပေါက်ဖြစ်သည်။ ရေထုတ်ပြွန်အလျား ပေ ၆၄၀ ရှိသည်။ ရေထုတ်ပြွန်ဒီဇိုင်း ရေထုစီးနှုန်းသည် ၁၀၀ ကုဗပေ/စက္ကန့်ဖြစ်သည်။ တူးမြောင်းမကြီး အလျား သုံးမိုင်ရှည်၍ လက်တံမြောင်း ငါးမိုင်ရှည်သည်။တူးမြောင်းအဆောက်အအုံပေါင်း ၈၀ ရှိသည်။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ပမာဏသည် ကီလိုဝပ် ၈၀(ကီလိုဝပ် ၄၀×၂ လုံး) တပ်ဆင်ထားသည်။

ဇီးချောင်းရေလှောင်တမံကို ၂၀၀၅-၂၀၀၆ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်၍ မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ကျောက်တော်မြို့နယ်တွင် ၂၀၀၇ ခုနှစ် မတ် ၃၀ က ဖွင့်လှစ်ခဲ့သော ပြိုင်းချောင်းရေလှောင်တမံမှ နွေစပါးဧက ၄၀၀၀ (သို့မဟုတ်) သီးနှံမြေဧရိယာ ဧက ၅၀၀၀ ကို ရေပေးလျက်ရှိရာ ဇီးချောင်းရေလှောင်တမံမှ ထပ်မံ၍ စိုက်ပျိုးရေ ပေးဝေမည်ဖြစ်၍ ရခိုင်ပြည်နယ် မိုးကောင်းရေနည်းဒေသများ စပါးနှင့် အခြားသီးထပ်သီးနှံများကို ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဇီးချောင်း ရေလှောင်တမံ မြေကြီးလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်စဉ်။**



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၁-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ အကပဒေသာ
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ **"စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်" (ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး) ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)**
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ တန်ဆောင်တိုင်တေးများ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၂၀ ၁။ **တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ (ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှား)**
၅း၂၅ ၂။ တန်ဆောင်တိုင်တေးများ
၅း၃၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၅၀ ၄။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၃၀ ၆။ မိုးလေဝသအခြေအနေ
၆း၃၅ ၇။ ကောင်းကင်ယံမှာဝဲကာပျံ တောင်ကြီးမြို့မှ မီးပုံးပျံ
၆း၅၀ ၈။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၁၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၂၅)**
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၄၅)**
၁၄။ အစီအစဉ်ပြီး၏။

# ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း

## တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

တန်ဆောင်မုန်းလသည် မြန်မာပြက္ခဒိန်လများတွင် ရှစ်လမြောက်ဖြစ်ပြီး ထိုလ၏ပထမလဝက်သည် မိုးရာသီကျရောက်၍ ဒုတိယလဝက်သည်ဆောင်းရာသီတွင် ကျရောက်ကာ မိုးနှောင်းဆောင်းဦး သာယာကြည်နူးဖွယ်ကောင်းလှသည့် လရာသီဖြစ်သည်။ ဝါတွင်းကာလတစ်ခုလုံး ခြယ်လှယ်စိုးမိုးခဲ့သည့် မိုးဒေဝါ၏ နေရာတွင် ဆီးနှင်းများက ဝင်ရောက်နေရာယူလျက် နှင်းကျလိုက် မိုးရွာလိုက် ဖြစ်လေ့ရှိသည့်အတွက် တန်ဆောင်မုန်းတွင် **ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက်** ဟု ရှေးတောင်သူဦးကြီးများ မိုးဆောင်ပုဒ်ပြုခဲ့ခြင်းဖြစ်သည်။

ထိုလတွင် မိုးရွာသွန်းမှု တဖြည်းဖြည်းလျော့နည်းလာကာ မိုးအရှိန်ရပ်တန့်သွားပြီး မိုးချုန်းသံမျှကိုပင် မကြားရတော့သည်ကို အကြောင်းပြု၍ **မီးပန်းပွင့်တုန်း တန်ဆောင်မုန်း၊ ထစ်အုန်းမိုးမဖွဲ** ဟု ကဝိလက္ခဏာ သတ်ပုံလင်္ကာတွင်လည်းကောင်း၊ ဆောင်းရာသီသို့ စတင်ဝင်ရောက်ခါစ ကာလဖြစ်၍ ဆီးနှင်းများလည်းအလွန်ကျဆင်းခြင်း မရှိသေးဘဲ ကောင်းကင် တစ်ခွင်တစ်ပြင်တွင်လည်း မြူတိမ်များကင်းစင်ကာ သီတင်းကျွတ်လထက်သာယာပြီး သီတင်းကျွတ်လမီးထွန်းပွဲထက်ပို၍ မီးထွန်းကြသည်ကို အကြောင်းပြုကာ **မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်း၌၊ မအုန်းဝသ၊ မကျနှင်းဖြူ၊ တိမ်ဖြူစင်ကာ** ဟု စာဆိုအကျော်ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်လည်းကောင်း စပ်ဆိုခဲ့ကြလေသည်။ ထို့ပြင် ဆောင်းဟေမန်၏ ရှေ့ပြေး မြောက်လေအေးကလေးမှာလည်း ဖြည်းညင်းစွာတိုက်ခတ်စပြုလာပြီး နံနက်ခင်းကာလတွင် ပတ်ဝန်းကျင်တစ်ခွင်၌ ဆီးနှင်းများ တပြိုက်ပြိုက် ကျဆင်းနေသည့်အတွက် ရှုမြင်လိုက်သည့်နေရာတိုင်းပင် နုပျိုလန်းဆန်းနေပေသည်။

တောင်သူဦးကြီးများ၏ လယ်ကွင်းပြင်တွင် စပါးနှံများသည် သီးကင်းအဖြစ်မှ လွန်မြောက်ကာ အနှစ်အခဲဝတ်ဆံကလေးများ တင်းမာဖုလုံးလာသည်ကို **ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း** ဟု ပြောစမှတ်ပြုကြသည်။

တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အားဖြင့် ဗြိစ္ဆာရာသီဟု ခေါ်သည်။ ထိုလတွင် စန်းဟုခေါ်သော လမင်းသည် ကြတ္တိကာ နက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းပသည်။ ထိုလ၏တာရာမှာ ကြီးတာရာဖြစ်ပြီး ရာသီပန်းကား ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလ၏ အဓိပ္ပာယ်ကိုမြန်မာလအမည်များစာအုပ်တွင် မီးရှူးမီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးညှိထွန်းသော လဟုလည်းကောင်း၊ ဝေါဟာရလီနတ္ထဒီပနီတွင် အမိုက်မှောင်ကို **မီးရှူးတန်ဆောင်ဖြင့် ဖျောက်လွှင့်ချေမှုန်းသောလ** ဟု လည်းကောင်း အသီးသီးဖွင့်ဆိုကြပါသည်။

ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ဤတန်ဆောင်မုန်းလတွင် ကထိန်အလှူပွဲတော်ကို စဉ်လာမပျက်ကျင်းပကြပေရာ ဆရာကြီးဦးပုညက **မြောက်လေပြည်ဆော်ညင်းလို့၊ အမင်းမင်းရာဇာ၊ ဥတ်ကထိန်ခါသမယကိုလ၊ များဒါနပြုကြမြဲသာ** ဟုလည်းကောင်း၊ အင်းဝခေတ်စာဆိုကျော်ဦးအောင်ကြီးက ဆယ့်နှစ်ရာသီလူးတား တန်ဆောင်မုန်းလဘွဲ့တွင် **ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား၊ မချုန်းမိုးသား၊ တိုင်ထွတ်ဖျားတွင်၊ ငါးပါးကျိုးရှို မီးပွင့်ညှို၍၊ ပြည်ကြီးဖွယ်ရာ၊ သဒ္ဓါ အားကြိုး၊ မသိုးသင်္ကန်း၊ လျှုရွှင်လန်းသည်၊ ရဟန်းသံဃာ၊ အရိယာတို့၊ သစ္စာလေးစုံ၊ ရွှေစည်းခုံဝယ်၊ ကြည်ယုံလှကျင်၊ ပွဲပုံယင်လျက်၊ အောက်ထက်ကျော်ရှိန်၊ ပြည်ဆုချိန်သည်. . . ကထိန်လှူသင်္ကန်းတည့်လေ**-ဟု လည်းကောင်း ဖွဲ့ဆိုရေးသားခဲ့ပေသည်။

ကထိန်ပွဲတော်သည် ရှေးဘုရားရှင်တို့၏ လက်ထက်တော်များကပင်ရှိခဲ့သည်။ ပဒုမဘုရား၊ ပဒုမုတ္တရဘုရားရှင်တို့ လက်ထက်၌ ကထိန်ခွင့်ပြုခဲ့သည်ကို ဗုဒ္ဓစာပေများ၌ တွေ့ရှိရသည်။

ဂေါတမဘုရားရှင် လက်ထက်တော်၌ကား ကောသလအနောက်ပိုင်း ပါဝေယျတိုင်းသားများဖြစ်သည့် ဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ကထိန်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါတော်တစ်ဝါအရကာလတွင် ဗာရာဏသီပြည်မှ ဥရုဝေလတောသို့ တစ်ပါးတည်း ဒေသစာရီကြွချီခဲ့စဉ် ခရီးလမ်းအကြားရှိ တောအုပ်အတွင်း တစ်ခုသော သစ်ပင်ရင်း၌ ခေတ္တအပန်းဖြေနားနေတော်မူ၏။ ထိုစဉ်ပါဝေယျတိုင်းသားများဖြစ်သည့် ဘဒ္ဒဝဂ္ဂီမည်သော မင်းသားညီနောင်သုံးကျိပ်တို့သည် ထိုတောအုပ်ထဲ၌ အပျော်ကြူးနေခိုက် အဖိုးတန်ပစ္စည်းများကို ခိုးယူထွက်ပြေးသွားသော မိန်းမကိုရှာဖွေကြစဉ် မြတ်စွာဘုရားရှင်နှင့် တွေ့ဆုံကြ၍ တရားထူးတရားမြတ်များ ရရှိသွားကြသည်။ အချို့က သောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့က အနာဂါမ်ဖြစ်သွားကြသည်။ နောက်ဆုံးတွင် မင်းသားညီနောင် သုံးကျိပ်စလုံး (ဧဟိဘိက္ခု)ရဟန်းအဖြစ်သို့ရရှိကြပြီး တိစီဝရိတ် (သင်္ကန်းသုံးထည်သာ ဆောင်ခြင်း)စသော ဓုတင်တို့ကို ကျင့်ဆောင်ကြသည်။

ကာလအတန်ကြာလတ်သော် ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် ဘုရားရှင်အား ဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည်သို့ ဦးတည်ထွက်ခွာခဲ့ကြရာ ဝါဆိုအမီ မရောက်နိုင်ကြသဖြင့် သာဝတ္ထိမြို့မှ ခြောက်ယူဇနာ (၄၈မိုင်ခန့်) ကွာဝေးသော သာကေတမြို့၌ ဝါကပ်ကြရသည်။ ယင်းသို့ဝါကပ်ကြရပြီးနောက် သီတင်းဝါလကျွတ်သော် ပဝါရဏာပြု၍ သာဝတ္ထိသို့ ခရီးဆက်ကြပြန်သည်။ လမ်းခရီး၌ သည်းထန်စွာရွာသွန်းသော မိုးကြီးနှင့် ဆုံစည်းကြရသည်။ ၎င်းရဟန်းတို့သည် ရွှံ့ညွှန်ရောပွမ်းသော ခရီးကြမ်းကိုဖြတ်သန်းရသဖြင့် သင်္ကန်းများစိုရွှဲ သာဝတ္ထိပြည်သို့ ဆင်းရဲလှစွာဖြင့် ရောက်ရှိလာခဲ့ကြသည်။ ယင်းသို့ ရွှံ့နှစ်ညွှန်စေး ညစ်ကြေးစွဲကပ်သော သင်္ကန်းများဖြင့် လမ်းပန်းမကောင်း၊ ညွှန်ပျောင်းထူပြော၊ ရွှံ့ရည်ပေါ်၍ ပန်းမောခွေယိုင် အနိုင်နိုင်အားခဲ၍ လာခဲ့ကြရသော ခရီးသည်ရဟန်းတော်တစ်စုအား မဟာကရုဏာရှင် မြတ်စွာဘုရား တွေ့မြင်ရသော အခါ သနားတော်မူပြီး သာသနာ့ဝန်ထမ်း ရဟန်းများသည်-

> (၁) **အဓိဋ္ဌာန်တင်သင်္ကန်းသုံးထည်တွင် တစ်ထည်ထည်ကိုထား၍ ပေါ့ပါးရွှင်လန်းစွာ သွားနိုင်ကြပါစေ။**
> (၂) **သင်္ကန်းပါးရှား နွမ်းပါးခြင်းမှ ကင်းကြပါစေ. . . .**

ဟူသော ရည်ရွယ်ချက်တို့ဖြင့် ရှေးဘုရားရှင်တို့၏ အစဉ်အလာအတိုင်း ကထိန်ခင်းခွင့်ပြုခဲ့သည်။

ကထိန်သင်္ကန်းအလှူသည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်သာ အချိန်အခါကန့်သတ်ချက်ဖြင့် လှူဒါန်းရသော ကာလဒါနမျိုးဖြစ်သည်။ ကထိန်သင်္ကန်းလှူခွင့်ပြုသောအချိန်ကာလမှာ **မိုးနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရထိုအခါ** ဆိုသည့်အတိုင်း သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလဖြစ်သည်။ ထိုတစ်လတာကာလသည် မိုးရာသီ၏ နောက်ဆုံးလဖြစ်၍ အလွန်ကြည်လင်သာယာသော သရဒရာသီသို့ ဝင်ရောက်စကာလဖြစ်ပေရာ ယင်းသာယာသောရာသီတွင် ထူးခြားသည့် ကထိန်အလှူပွဲကို စေတနာချင်းပြိုင်၊ သဒ္ဓါချင်းပြိုင် ခြိမ့်ခြိမ့်သဲ ကျင်းပကြသည်မှာ မြူးကြွစရာကောင်းလှပေသည်။

ကထိန်ခင်းခြင်းကြောင့် ဗုဒ္ဓကိုယ်တော်တိုင် **ငါ၏ပညတ်တော်များအနက် ပညတ်တော်ငါးချက်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလတိတိပျက်ပြယ်စေ** ဟု ကထိန်အကျိုးအတွက် ကာလအပိုင်းအခြားဖြင့် သံဃာတော်များအား ခြွင်းချက်ပြုတော်မူခဲ့သည်။ ၎င်းခြွင်းချက်အရ သံဃာတော်များအတွက် အကျိုးငါးပါးရရှိသကဲ့သို့ အလှူရှင်များအနေဖြင့်လည်း အကျိုးငါးပါး ရရှိကြသည်။

ကထိန်ပွဲတော်ကြီးမှ မြစ်လက်တက်ပမာဖြာထွက်လာသော ပွဲငယ်တစ်ခုမှာ **မသိုးသင်္ကန်းရက်လှူပွဲ** ပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာပွင့်ပေါ်ခဲ့သည့်ခေတ်တွင် အဝတ်အထည်တို့ကို လက်ဖြင့်သာချုပ်ဝတ်ကြရသဖြင့် ကထိန်သင်္ကန်း လှူဒါန်းလိုသူများအနေဖြင့် သင်္ကန်းအဖြစ် မချုပ်မဆိုးရသေးသော အဝတ်ပိုင်းများကို လှူဒါန်းကြလေ့ရှိသည်။ ယင်းကထိန်လျာသင်္ကန်းကို မသိုးသင်္ကန်းဖြစ်အောင် (သို့) သင်္ကန်းမသိုးအောင် ကထိန်ခံမည့်ရဟန်းသည် သံဃာကပေးအပ်သော ကထိန်လျာသင်္ကန်းကို ရရှိသည့်နေ့ အရုဏ်မတက်မီ ပြီးစီးအောင်ချုပ်ရ ဆိုးရသောအလုပ်များကို သံဃာတော်များကိုယ်တိုင် ပြုလုပ်ခဲ့ရသည်။ ထို့အတူ ယခုခေတ်တွင် ဗုဒ္ဓဘာသာဝင် စေတနာရှင်များက မသိုးသင်္ကန်းရက်ကာ ဗုဒ္ဓမြတ်စွာအား ကထိန်သင်္ကန်းအဖြစ် လှူဒါန်းပူဇော်ကြရာမှ **မသိုးသင်္ကန်းရက်ပွဲ** ဟူသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယင်းမသိုးသင်္ကန်း ရက်လှူပွဲအကြောင်းကို ပိဋကတ်တော်များတွင် မတွေ့ရှိရသော်လည်း ဗုဒ္ဓမြတ်စွာလက်ထက်တော်က ကြီးကျယ်ထင်ရှားသည့် သင်္ကန်းရက်လှူပွဲကြီးတစ်ခုကို ကျင်းပပုံနှင့် စပ်လျဉ်း၍ ဥပရိပဏ္ဏာသပါဠိတော် အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂသုတ်တွင် တွေ့ရှိရသည်။ သင်္ကန်းရက်လှူသူကား ဘုရားရှင်၏ မိထွေးတော် မဟာပဇာပတိ ဂေါတမီပင်ဖြစ်သည်။ မိထွေးတော်ဂေါတမီသည် ကာဠုဒါယီအမတ်၏ ဂါထာခြောက်ဆယ်လျှောက်ထားချက်ဖြင့် ကပိလဝတ်ရွှေနန်းသို့ ကြွမြန်းလာသော ရှင်တော်ဗုဒ္ဓ၏ ကြည်ညိုဖွယ် သပ္ပာယ်လှသော ကိုယ်တော်ကို ဖူးမြင်ရသောအခါ လွန်စွာဝမ်းမြောက်လှ၍ သင်္ကန်းလျာများကို လှူဒါန်းမည်ဟု ကြံစည်စဉ်းစားခဲ့ပြီး ဒုတိယအကြိမ် ကပိလဝတ်ပြည်သို့ ဘုရားရှင် ကြွလာတော်မူသောအခါ ကိုယ်တိုင်သင်္ကန်းရက်လုပ် လှူဒါန်းတော်မူခဲ့သည်။

ဤတန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း၊ မသိုးသင်္ကန်း၊ ပံ့သကူသင်္ကန်း၊ ကြာသင်္ကန်းကပ်လှူခြင်းများကို ရှေးအခါက ကျင်းပခဲ့ကြသည်။ ယခုမျက်မှောက်ခေတ်တွင် ကထိန်သင်္ကန်းကပ်လှူခြင်း၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်း၊ တန်ခိုးကြီးဘုရားများတွင် ဆွမ်းတော်ကြီး ကပ်လှူပွဲများပြုလုပ်ခြင်း၊ တာဝတိံသာပြည်ရှိ ဘုရားလောင်း၏ ဆံတော်ကို ဌာပနာ၍ သိကြားမင်းတည်ထားခဲ့သည့် စူဠာမဏိစေတီတော်မြတ်ကို ရည်မှန်းလျက် ဆီမီးပူဇော်ခြင်းများကို ပြုလုပ်ကြပေသည်။

သို့ဖြစ်ရာ ရာသီဥတုကြည်လင်အေးမြလှသည့် တန်ဆောင်မုန်းလပြည့် အခါသမယတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ကျင့်ကြံခြင်းဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးများ ရရှိစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။ ။

## မြတ်လှတဲ့ပွဲ

✷ တစ်နှစ်မှာ တစ်ကြိမ်နွှဲတဲ့
ကထိန်ပွဲ အလှူတော်
ဝါကျွတ်လျှင် တစ်လအတွင်းမှာ
ကျင်းပပူဇော်။
ဝိဟာရ စံရာပျော်
သံဃာတော် အရှင်မြတ်။
ဝါဆိုတော် သံဃာရဟန်းတို့ကို
ကထိန်တော် မြတ်သင်္ကန်းရယ်နဲ့
နိဗ္ဗာန်ဆီ ရည်မျှော်မှန်းပါလို့
လှူဒါန်းဆက်ကပ်။

✷ စီဝရံ ကထိန
သံဃိက ပူဇော်ရာ၊
ဘဂဝါ ရှင်တော်ဘုရားက
ဟောကြားမိန့်မှာ၊
ဆုထူးငယ်ပန်ကာ
သံသရာလွတ်ရေး။
သံဃာတော် အရှင်မြတ်များရယ်နဲ့
ဒါယကာ ဒါယိကာမများမှာလည်း
တူညီစွာ ကောင်းကျိုးပွားတာက
ငါးပါးတဲ့လေး။

✷ အကျိုးငါးလီ ထပ်တူရ
ကပ်လှူကြ ကထိန်လျာ၊
ကာလဒါန် ကုသိုလ်ထူးကိုလ၊
ဦးခိုက်ပူဇာ၊
အလှူရေစက်လက်နှင့်မကွာ
မြန်မာတို့ သဒ္ဓါကဲ။
ဘဂဝါ ဘုရားရှင် အလိုတော်ကျပေမို့
အခွင့်ရယ်သာ အခါသမယမှာလ
ဒို့တစ်တွေပါဝင်ကြရတယ်
မြတ်လှတဲ့ပွဲ။ ။

ရေနံ့သာမောင်ကျော်ညွန့်

## ဘတ်စကက်ဘောငါးမျိုး ယှဉ်ပြိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲငါးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ အလွတ်တန်းအမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက်(၄၀)အထက် အမျိုးသားပြိုင်ပွဲများကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ရက်အထိ အသက်(၁၆)နှစ်အောက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက်(၁၃)နှစ်အောက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသည့် အသင်းများအနေဖြင့် အသက်(၁၆)နှစ်အောက်ပြိုင်ပွဲအတွက် ၁၉၉၂ ခုနှစ် မွေးဖွားသူ၊ (၁၃)နှစ်အောက်ပြိုင်ပွဲအတွက် ၁၉၉၅ခုနှစ်မွေးဖွားသူ၊ အသက်(၂၀)အောက်ပြိုင်ပွဲအတွက် ၁၉၈၈ ခုနှစ် မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး (၁၆)နှစ်အောက်နှင့် (၁၃)နှစ်အောက်ပြိုင်ပွဲအတွက် အသက်စိစစ်နိုင်ရန် မွေးစာရင်းမူရင်းနှင့် ကျောင်းအုပ်ကြီး (သို့) မြို့နယ်ပညာရေးမှူး ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် အသက် (၁၆)နှစ်အောက်နှင့် (၁၃)နှစ်အောက်ပြိုင်ပွဲအတွက် ကျပ်ငါးထောင်နှင့် အလွတ်တန်းနှင့် အသက်(၂၀)အောက်ပြိုင်ပွဲအတွက် ကျပ်တစ်သောင်း သတ်မှတ်ထားသည်။ နယ်မှလာသောအသင်းများအား ထောက်ပံ့ကြေးကျပ်တစ်သိန်း ပေးအပ်မည်ဖြစ်ပြီး တည်းခိုနေထိုင်ရေးအတွက် အား/ကာနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

အလွတ်တန်း အသက်(၄၀)အထက်နှင့် အသက်(၂၀)အောက်ပြိုင်ပွဲအတွက် အုပ်ချုပ်သူအစည်းအဝေး၊ အသက်စိစစ်ခြင်းနှင့် ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းကို ဒီဇင်ဘာ ၄ ရက်တွင်လည်းကောင်း၊ အသက်(၁၆)နှစ်အောက်နှင့် အသက်(၁၃)နှစ်အောက်ပြိုင်ပွဲအတွက် အုပ်ချုပ်သူအစည်းအဝေး အသက်စိစစ်ခြင်းနှင့် ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းကို ဒီဇင်ဘာ ၁၀ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၁၄၂၁ နှင့် ၀၉၅၁-၅၉၅၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)





# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင် သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကျောင်းဆင်း စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဆင်းပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်စောလွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနလုပ်ငန်း လှည့်လည်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားတွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ မှတ်တမ်းခန်းအတွင်း မှတ်တမ်းစာရင်းဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရသေ့တောင်မြို့နယ် ဦးစီးဌာနမှူးရုံး၌ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ထွန်း၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရခိုင်ပြည်နယ် ဦးစီးဌာနမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများသည် မိမိဌာန၏ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို အဆင့်နှင့်လျော်ညီစွာ သိရှိနားလည်စေရေးအတွက် အစဉ်လေ့လာဆည်းပူးကြရန်၊ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား ဆောင်ရွက်ကြရန်နှင့် မျိုးချစ်စိတ်ဓာတ် အရင်းခံကာ ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံကြရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် စသည်ဖြင့် ရှင်းလင်းမှာကြားပြီး စစ်တွေမြို့နယ် ဦးစီးဌာနမှူးရုံးကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရမည့် အခြေအနေများ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင်နှင့် ဌာနမှူးများ လိုက်ပါလျက် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် မနော်ရမ္မံဥယျာဉ်အတွင်း ၃၉ လမ်းနှင့် လမ်း ၄၀ကြားတွင် အချင်းရှစ်လက်မ၊ အနက်ပေ ၉၀၀ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အောင်မြေသာစံမြို့နယ်အတွင်း စက်ရေတွင်းအမှတ်(၂)နှင့် (၇)တို့တွင် Vertical Turbine Pump များနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရမည့် အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းကြည်နှင့်တာဝန်ခံအင်ဂျင်နီယာများက မနော်ရမ္မံဥယျာဉ်အတွင်း ၃၉ လမ်းနှင့် လမ်း ၄၀ကြားတွင် အချင်းရှစ်လက်မ၊ အနက်ပေ ၉၀၀ခန့်ရှိ စက်ရေတွင်းတူးဖော် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စက်ရေတွင်းတူးဖော်ပြီးစီးပါက တစ်နေ့လျှင် ရေဂါလန် ၁ဒသမ ၅သန်းခန့် ဖြန့်ဝေပေးနိုင်မည့် အခြေအနေ၊ ရေဂါလန် ၈၀၀၀၀ ဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ပတ် ကမ်းနားလမ်းနှင့် ၁၂လမ်းဆုံရှိ အမှတ်(၂)စက်ရေတွင်းတွင် Vertical Turbine Pump များ ပြုပြင်ထိန်းသိမ်းရမည့် အခြေအနေများနှင့် စက်ကြီးများ၏ ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး မြို့တော်ဝန်က မန္တလေးမြို့နေပြည်သူများ ရေပိုမိုရရှိရေးအတွက် အဆင့်မြင့် Vertical Turbine Pump တပ်ဆင်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် စက်ကြီးများ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ပတ် ကမ်းနားလမ်းအနီး အမှတ်-၇ စက်ရေတွင်းတွင် လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရမည့် အခြေအနေများနှင့် စက်ကြီးများ၏ ကြံ့ခိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မန္တလေးမြို့တော်စည်ပင်သာရေးကော်မတီ ရေတံခွန်တောင်ဂေါက်ကွင်း၌ နိုဝင်ဘာ ၂ ရက်က အတူကစားဖော် ဦးစိန်ဝင်း (တိုင်းမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဦးလှဝင်း (တိုင်းတရားသူကြီး)၊ ဦးညိုရွှေ (တိုင်းဦးစီးမှူး လဝက)တို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ဦးနိုင်ဝင်း (ဒုညွှန်မှူး၊ စစစ)သည် ၁၃၁ ကိုက် ကွာဝေးသော ကျင်းအမှတ်(၃)၌ SRIXON-2 ဂေါက်သီးအား Wilson Iron-8 ဂေါက်တံဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုကဲ့သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်အောင် ရိုက်ကစားနိုင်ခဲ့သော ဦးနိုင်ဝင်းအား KM (ကောင်းမြတ်) ကုမ္ပဏီမှ ငွေကျပ်၅၀၀၀၀တန် ဂေါက်ပစ္စည်းများ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# မီးရှူးမီးပန်း သယ်ဆောင်ရောင်းချသူများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းအတွင်း မီးရှူးမီးပန်း သယ်ဆောင် ရောင်းချသူများအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၆ ရက် ည ၈ နာရီခွဲတွင် သက်သေများနှင့်အတူ လမ်းမတော်မြို့နယ် အနော်ရထာလမ်းမပေါ်ရှိ ရွှေပုဇွန်အအေးဆိုင်ရှေ့တွင် စောင့်ဆိုင်းနေစဉ် မဥမ္မာ ၃၄ နှစ် အမှတ်(၅၃)၊ ကုလားသယ(၁)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူနှင့် ကျော်တင့်(ခ) ဗိုက်ကြီး၊ ၄၃ နှစ် အမှတ်(၉၁)၊ ကုလားသယ(၁)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူတို့သည် မြွေရေခွံအိတ်ဖြင့်ထည့်ကာ မီးရှူးမီးပန်းများ သယ်ဆောင်လာကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ရှာဖွေရာ အချက် ၇၀ ထွက် မီးပန်းပြောက်အိုး တစ်ထုပ်လျှင် ၁၂ ချောင်းပါ ၁၅ ထုပ်၊ အချက် ၆၀ ထွက် မီးပန်းပြောက်အိုး တစ်ထုပ်လျှင် ၁၂ ချောင်းပါ ရှစ်ထုပ်၊ အချက် ၅၀ ထွက် မီးပန်းပြောက်အိုး တစ်ထုပ်လျှင် ၁၂ ချောင်းပါ ၂၃ ထုပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။



ဝဲမှယာ - ကျော်တင့် (ခ) ဗိုက်ကြီး၊ မဥမ္မာ ။



ဝဲမှယာ-မိုးမိုးခိုင်၊ စိန်သန်း။

အလားတူ နိုဝင်ဘာ ၇ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် လသာမြို့နယ် မဟာဗန္ဓုလလမ်းမ၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ပြောက်အိုးသယ်ဆောင်ရောင်းချသူ မမိုးမိုးခိုင် ၃၀နှစ် အမှတ်(၂၄)၊ ရန်ပြေ ၁၂ လမ်း၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်နေသူအား တွေ့ရှိဖမ်းဆီးရမိသဖြင့် စစ်မေးရာ မီးရှူးမီးပန်းနှင့်ပြောက်အိုးများအား သိမ်ကြီးဈေး(ဒီ)ရုံ မျက်နှာစာတန်း ၂၄ လမ်းဘက်ရှိ ဆိုင်အမှတ်(၁) လင်းအားမာန် ပလတ်စတစ်ဆိုင်အတွင်း သိုဝှက်ထားရှိကြောင်း ထွက်ဆိုသဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကိုစိန်သန်း ၃၈ နှစ် ဒဂုံလမ်း အောင်မင်္ဂလာအဝေးပြေးဝင်း မင်္ဂလာဒုံမြို့နယ်နေသူအား တွေ့ရှိရပြီး လင်းအားမာန်ပလတ်စတစ်ဆိုင်ရှေ့ ခုံအောက်မှ ပင့်ကူပြောက်အိုး ၇၅ ဘူး၊ ကျားမီးတောက်ပြောက်အိုး ၂၅ ဘူး၊ ယမ်းကတ်သုံးဘူး၊ မီးပန်းပြောက်အိုး ရှစ်ထုပ်၊ ပေသီးပြောက်အိုး ခြောက်ဘူး၊ တရုတ်မီးပန်းပြောက်အိုး ရှစ်ဘူးတို့ကို ရှာဖွေ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူ မဥမ္မာနှင့် ကျော်တင့်(ခ)ဗိုက်ကြီးတို့အား လမ်းမတော်ရဲစခန်းမှလည်းကောင်း၊ မမိုးမိုးခိုင်နှင့် ကိုစိန်သန်းတို့အား လသာရဲစခန်းမှလည်းကောင်းအမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၉ ရက်က ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် ရတနာသီရိလမ်း နာရီစင်အနီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဧရာဝတီတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၅ရက်အထိ ရောင်းချသွားမည်ဖြစ်ကာ အထည်အလိပ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ စက္ကူနှင့်ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ ကြွေထည်မြေထည်ပစ္စည်းအမျိုးမျိုးနှင့် ထီး၊ ဖိနပ်၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ အပ်ချုပ်စက်၊ စက်ဘီးများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ထွေ/အုပ်)

# စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

## ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းဆက်ကပ်လောင်းလှူ

ရန်ကုန် နိုဝင်ဘာ ၁၂

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြသည်။

ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကို ဂန္ဓကုဋီကျောင်းတော်ကြီး၌ကျင်းပပြီး အလှူတော်မင်္ဂလာရေစက်ချပွဲနှင့် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဓမ္မစက္ကမုဒြာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့ဝင်များက ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စေတီတော်ရင်ပြင်၌ ကျင်းပရာ မြတ်စွာဘုရားအမှူးရှိသော ပင့်သံဃာတော် ၄၅ပါးတို့အား စုစုပေါင်းတန်ဖိုးငွေကျပ် ၇၂သိန်းကျော်တန်ဖိုးရှိ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြသည်။ (သတင်းစဉ်)

# တန်ဆောင်မုန်းလပြည့် အစိုးရရုံးပိတ်ရက်တွင် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ငလိုက်ရေလှောင်တမံနှင့် နေပြည်တော်တစ်ဝန်းလုံး၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေ

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့သည် တန်ဆောင်မုန်းလပြည့် အစိုးရရုံးပိတ်ရက်ဖြစ်သည့်အလျောက် နေပြည်တော်ရှိ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများသည် ကုသိုလ်ပုည ပွားများကြသကဲ့သို့ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။



တန်ဆောင်မုန်းလပြည့် အစိုးရရုံးပိတ်ရက်တွင် ရေပန်းဥယျာဉ်၌ အပန်းဖြေအနားယူသူများဖြင့် စည်ကားစွာတွေ့ရစဉ်။ (သတင်းစဉ်)



တန်ဆောင်မုန်းလပြည့် အစိုးရရုံးပိတ်ရက်တွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ကလေးကစားကွင်းတွင် အနားယူ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)




တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ရေခဲတောင်တွင် ကျက်စားသော ပင်ဂွင်ငှက်ပြကွက်ကို အနားယူအပန်းဖြေကြသူများ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အထူးသဖြင့် နေပြည်တော် သပြေကုန်းရပ်ကွက်အနီးရှိ နေပြည်တော် ရေပန်းဥယျာဉ်၌ မိသားစုအလိုက် စားသောက်ဖွယ်ရာများဖြင့် ဝိုင်းဖွဲ့စားသောက်အပန်းဖြေခြင်း အရိပ်အာဝါသကောင်းမွန်သော သစ်ပင်ရိပ်၊ ရေပန်းပဒေသာ ရေကန်၊ ရေပန်းအောက်လျှောက်လမ်း၊ ပန်းမျိုးစုံစိုက်ခင်း ကျောက်တုံးဥယျာဉ်တို့၌ အေးရိပ်ခိုအပန်းဖြေကြသူများ၊ ဥယျာဉ်တွင်း အပျော်စီးယာဉ်ငယ်များဖြင့် အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

### တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)

အလားတူပင် ရန်ကုန်-နေပြည်တော်-မန္တလေးပြည်ထောင်စု လမ်းမကြီးပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌လည်း လာရောက်အနားယူအပန်းဖြေကြသူများအား သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ ဝန်ထမ်းများက ဆင်လိမ္မာပြကွက်၊ ခွေးလိမ္မာပြကွက်၊ မြွေအလမ္ပာယ်ပြကွက်၊ ရေခဲတောင်၌ကျက်စားသော ပင်ဂွင်ငှက်ပြကွက်၊ ကျားအဖြူပြကွက်၊ သားပိုက်ကောင်ပြကွက် အပါအဝင် ပြကွက်ပေါင်း၂၇ကွက် တိရစ္ဆာန် ၆၀၀ ကျော်တို့၏ သွားလာနေထိုင် စားသောက်မှုတို့ကို လိုက်လံရှင်းလင်း ပြသကြသည်ကို တွေ့ရသည်။ ထို့အပြင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်အပန်းဖြေကြသူများအား အမှတ်တရလက်ဆောင်များ ရောင်းချပေးပြီး လိုအပ်သော ဝန်ဆောင်မှုများကို ဖော်ရွေစွာ ဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရသည်။

### ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်း

အလားတူ နေပြည်တော်မှ ခုနစ်မိုင်အကွာ ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ၏ ရေစပ်ကမ်းခြေတစ်လျှောက်၌ တည်ဆောက်ထားသော ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းတွင်လည်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ပျဉ်းမနားရှိ ရှမ်းကန်၌လည်း အေးချမ်းစွာ အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်းတွေ့ရသည်။ (သတင်းစဉ်)

**တန်ဆောင်မုန်းလပြည့်အစိုးရရုံးပိတ်ရက်တွင် နေပြည်တော် ရေပန်းဥယျာဉ်၌ အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)



**တန်ဆောင်မုန်း လပြည့် အစိုးရ ရုံးပိတ်ရက်တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ၌ အနားယူအပန်းဖြေကြသူများ လှည့်လည်ကြည့်ရှုကြစဉ်။** (သတင်းစဉ်)





# တန်ဆောင်မုန်းလ[...]

# သာမညဖလအခါ[...]

ယနေ့သည် တန်ဆောင်မုန်းလပြ[...] ဘုရား၊ ပုထိုး၊ စေတီတော်များ၌ မြတ်[...] ဆက်ကပ်လှူဒါန်းပွဲ၊ သာမညဖလ [...] ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသံဃာ[...] ဆက်ကပ်လှူဒါန်းကြသည့် ကထိန်အ[...] အုပ်စုအလိုက် ဆီမီးရောင်စုံများ ထွန်းည[...]



နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးတို့ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ ကုသိုလ်ပုည ပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိရာ နေပြည်တော် ဘောဂသိဒ္ဓိ ရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဓာတုစယဓာတ်ပေါင်းစုစေတီတော်၌ နံနက်အရုဏ်တက်ချိန်မှစတင်၍ ဘုရားရှင်အား ရည်မှန်း၍ သစ်သီး၊ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ စသည်တို့ကို ဆက်ကပ်လှူဒါန်းပြီး သီတင်းသီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ ဗုဒ္ဓဒေသနာတော်များကို ရွတ်ဆိုသရဇ္ဈာယ်ကြသူများဖြင့် အထူး

# တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းလုံး၌ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ကထိန်အလှူတော်မင်္ဂလာပွဲများဖြင့် အထူးစည်ကားလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ယနေ့သည် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)အစိုးရ ရုံးပိတ်ရက်ဖြစ်သည်။ ထို့ကြောင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ ဘုရား၊ ပုထိုး၊ စေတီတော်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ရုပ်ပွားတော်နှင့် ဆင်းတုတော်များအား မသိုးသင်္ကန်း၊ ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲ၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲများ၊ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ လမ်းများရှိ ဓမ္မာရုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသံဃာတော်များ ဝိနည်းတော်နှင့်အညီ ကထိန်ခင်းကျင်းနိုင်ရန် ကထိန်လျာသင်္ကန်းနှင့် အရန်အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည့် ကထိန်အလှူတော်မင်္ဂလာပွဲများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် လမ်းအလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ဆီမီးရောင်စုံများ ထွန်းညှိကြလျက် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ကျင်းပကြရာ အထူးလှပဝေဆာလျက်ရှိသည်ကို တွေ့ရှိရသည်။



**တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့) တွင် နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

ထို့အတူ ဘိုးတော်အောင်မင်းခေါင် ငြိမ်းချမ်းရေးစေတီတော်၌ နံနက်အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီး တင်လှူပွဲကို ကျင်းပပြီး ညပိုင်းတွင် ဆီမီးကိုးထောင် ပူဇော်ပွဲကို ဂေါပကအဖွဲ့က ဦးဆောင်၍ ကျင်းပကြသည်။

အလားတူ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကပြေး ကျေးရွာအုပ်စု၌ တည်ထားကိုးကွယ်သည့် လောကသုခ သံသရာအေး စေတီတော်၌ ဆွမ်းတော်ကြီးတင် ကပ်လှူကြသူများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ပွားသရဇ္ဈာယ်ကြသူများနှင့် ညပိုင်းတွင် ဆီမီးနှင့် နံ့သာ ထွန်းညှိကြသူများစသည့် ကောင်းမှုကုသိုလ် ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် လှေခွင်းတောင် စေတီတော်၌ ဘုရားဖူးလာကြသူများ၊ ဆရာတော် သံဃာတော်များအား ဆွမ်းအစရှိသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသူများဖြင့် နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာမိသားစုက ညနေပိုင်းတွင် နိဗ္ဗာန်ဈေးပွဲတော်ကို တပျော်တပါး စည်ကားစွာ ကျင်းပကြသည်။

နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော် လယ်ဝေးမြို့နယ်တို့၌ သာမညဖလ အခါတော်နေ့ အခမ်းအနားများကို ယနေ့တွင် ဘုရားပုထိုးစေတီများ၊ ဓမ္မာရုံများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရှိရသည်။



**တန်ဆောင်မုန်း လပြည့် (သာမညဖလ အခါတော်နေ့) တွင် နေပြည်တော် ပျဉ်းမနား ရန်အောင်(၂) ရပ်ကွက်ရှိ သမိုင်းဝင်ကိုးဆူဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။** (သတင်းစဉ်)

## မသိုးသင်္ကန်းရက်လုပ်

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့်(၂၄)ကြိမ်မြောက်မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ယမန်နေ့ညနေပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်၌ ကျင်းပရာ ညနေ ၅ နာရီခွဲတွင် မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ပွဲကို ကျင်းပပြီး ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ဆီမီးရောင်စုံများ၊ လျှပ်စစ်မီးများနှင့် မီးပုံးလည်းများဖြင့် ထွန်းညှိ ပူဇော်ကြသည်။

## ဆုများချီးမြှင့်

ယင်းနောက် ယနေ့နံနက် ၁နာရီတွင် ရက်ကန်းရက်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဂေါပကအဖွဲ့ဝင်များက ပထမဆုရရှိသည့် အင်္ဂါသမာဓိ သန့်ရှင်းရေးအသင်း၏ ကံ့ကော်ပန်းစင်တော်၊ ဒုတိယဆုရရှိသည့် ဗောဓိမဏ္ဍိုင် ဆွမ်းတော်ကပ်အသင်း၏ စံပယ်ပန်း စင်တော်၊ တတိယဆုရရှိသည့် အောင်သစ္စာသမာဓိ သာသနာပြုအသင်း၏ သရဖီပန်းစင်တော်နှင့် နှစ်သိမ့်ဆုရ စင်တော်များအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ နံနက်၃နာရီခွဲတွင် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော် ကိုးဆူ၌ ရက်လုပ်ပြီးစီးသည့် မသိုးသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး အရုဏ်တက်ချိန်တွင် စေတီတော်ရင်ပြင်ညော့်ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊အလင်းတိုင်၊ အမွှေးနံ့သာရည်များဖြင့် ဆွမ်းတော်ကြီး တင်လှူပူဇော်ကြကာ နံနက် ၆နာရီတွင် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကပ်လှူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ရွှေကြာသင်္ကန်းကပ်လှူ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဂေါပကအဖွဲ့၏ (၁၁)ကြိမ်မြောက် ရွှေကြာသင်္ကန်းကပ်လှူပွဲကို နံနက် ၆ နာရီတွင် ကျင်းပရာ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး သာမညဖလအခါတော်နေ့ အခမ်းအနားကို နံနက်၇နာရီတွင် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အလားတူ ဆူးလေစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား၊ရွှေဘုန်းပွင့်စေတီတော်တို့၌ မသိုးသင်္ကန်းနှင့် ရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ် ဆက်ကပ်ပူဇော်ပွဲများ၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော်နှင့် ဂုဏ်တော်များ ရွတ်ဆိုပူဇော်ပွဲများ၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ကျင်းပကြပြီး ညပိုင်း၌ ဘုရားရှင်အား ရည်မှန်း၍ ဆီမီးလှူဒါန်း ပူဇော်ပွဲများကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အတူ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ လောကချမ်းသာ အဘယလာဘမုနိ၊မဟာဝိဇယစေတီတော်၊ ငါးထပ်ကြီး၊ခြောက်ထပ်ကြီး၊ ကြေးသွန်းဘုရားကြီး၊ ကျိုက္ကဆံ၊ မိုးကောင်း၊ ဥက္ကလာပ မြို့ဦးစေတော်တို့၌လည်း ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲများ၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲများ၊ တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲများ ကျင်းပကြသည့်အပြင် သစ်သီး ဆွမ်း၊ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာ ကပ်လှူပူဇော်ကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ စတုဒိသာ ဒါနပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

## ကုသိုလ်သံများဝေစည်

ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးနှင့် ရပ်ကွက်များ၌ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပြုခြင်း၊ ကထိန်ခင်းကျင်းလှူဒါန်းမည့် ကထိန်သင်္ကန်းနှင့် အရန်ပစ္စည်း ပဒေသာပင်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးအမှုတ် အကအခုန်များဖြင့် လှည့်လည်ကြရာ ကုသိုလ်သံများ ဝေစည်လျက် အေးချမ်းပျော်ရွှင်စွာ ကျင်းပကြသည်ကို တွေ့ရှိရသည်။

## အလှူတော်မင်္ဂလာပွဲများကျင်းပ

အလားတူ နိုင်ငံတစ်ဝန်းရှိဘုရား၊ ပုထိုး၊ စေတီတော်များ၌ မသိုးသင်္ကန်း၊ ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲ၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲများနှင့် ကထိန်အလှူတော် မင်္ဂလာပွဲများ ကျင်းပကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ပျဉ်းမနား ရန်အောင်(၂) ရပ်ကွက်ရှိ သမိုင်းဝင် ကိုးဆူဘုရား၌ ဆီမီးထွန်းညှိပူဇော်ကြစဉ်။** (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးတို့ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိရာ နေပြည်တော် ဘောဂသိဒ္ဓိ ရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဓာတုစယဓာတ်ပေါင်းစုစေတီတော်၌ နံနက်အရုဏ်တက်ချိန်မှစတင်၍ ဘုရားရှင်အား ရည်မှန်း၍ သစ်သီး၊ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ စသည်တို့ကို ဆက်ကပ်လှူဒါန်းပြီး သီတင်းသီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ ဗုဒ္ဓဒေသနာတော်များကို ရွတ်ဆိုသရဇ္ဈာယ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် စေတီတော်မြတ်အား ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြပြီး မြန်မာ့ရိုးရာရာသီပွဲတော်ဖြစ်သော တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲကို အေးချမ်းပျော်ရွှင်စွာ ဆင်ယင်ကျင်းပကြသည်။

အလားတူ နေပြည်တော် ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ သမိုင်းဝင် ကိုးဆူဘုရား၌ နံနက်အရုဏ်တက်မှစ၍ ဂေါပကအဖွဲ့နှင့် အလှူရှင်များက အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ ဆီမီးလှူဒါန်း ဆက်ကပ်ကြသူများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းတွင် ဘုရားရှင်အား ရည်မှန်း၍ ကိုးဆူစေတီတော်များနှင့် သတ္တဌာန ဘုရားရုပ်ပွားတော်များအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ဘုရားဖူးပြည်သူများအား မဲဇလီဖူးသုပ်ဖြင့် စတုဒိသာဧည့်ခံကျွေးမွေးသည်။

ထို့အတူ လောကမာရဇိန်စေတီတော်၌လည်း နံနက်အရုဏ်တက်ချိန်တွင် စေတီတော်ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ကြပြီး ညပိုင်းတွင် စေတီတော်၏ အောက်ပစ္စယာသုံးဆင့်တို့၌ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆီမီးများ၊ နံ့သာများ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် လောကမာရဇိန်စေတီတော်ဂေါပကအဖွဲ့နှင့်အလှူရှင်များကစုပေါင်း၍ ယနေ့ (တန်ဆောင်မုန်းလပြည့်) တွင် ဘုရားဖူးလာပြည်သူများအား မဲဇလီဖူးသုပ်ဖြင့် စတုဒိသာ ကျွေးမွေးဧည့်ခံသည်။

ထို့အတူ လောကရန်နိုင်စေတီတော်၌ ဆွမ်းတော်ကြီးတင် ကပ်လှူပွဲ ကျင်းပသည့်အပြင် ဂေါပကအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် အလှူရှင်များက ဆီမီး၊ပန်း၊ရေချမ်း၊ နံ့သာများ ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ ကျွေးမွေးဧည့်ခံခြင်း၊ တရားဘာဝနာ ပွားများခြင်းစသည့် ကောင်းမှုကုသိုလ် ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော် ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ကိုးခမ်းကြီးဘုရားတွင်လည်း ဆီးမီးထွန်းညှိပွဲတော်ကို စည်ကားစွာ ကျင်းပကြသည်။





# ယာဉ်စည်းကမ်း လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲဆက်လက်ပြသထား

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

မြို့တော် ရန်ကုန်တွင် လူဦးရေ တိုးပွားလာမှုနှင့်အတူ ယာဉ်သုံးစွဲမှု ပိုမိုများပြားလာသောကြောင့် ယာဉ်မတော်တဆမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို နေ့စဉ် မြင်တွေ့နေရသည်။ ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့်ယာဉ်အန္တရာယ် ကင်းဝေးစေရန်နှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး အတွက် စီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များနှင့်ခရီးသွားပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိလိုက်နာနိုင်ရန် လက်တွေ့အရေးယူဆောင်ရွက်မှုများ ရှိသကဲ့သို့ အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများ အခါအားလျော်စွာကျင်းပ၍ယာဉ်အန္တရာယ် ကင်းဝေးစေရန် အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် စတုတ္ထအကြိမ် ယာဉ်စည်း၊ ကမ်းလမ်းစည်းကမ်း မြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှစ၍ ကျင်းပလျက်ရှိရာ ယာဉ်မောင်းများ၊ ယာဉ်စီးနင်းသူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာ ဗဟုသုတ ရစိမ့်သောငှာ သွားရောက် လေ့လာသင့်ပါသည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် ယာဉ်မတော်တဆမှု ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ ယာဉ်မတော်တဆမှု မဖြစ်ပေါ်ရန် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများနှင့် အရေးယူခံရမှုများ၊ ဥပဒေများ၊ ယာဉ်နှင့်သက်ဆိုင်သော အခွန်အခများ၊ အခြေခံသိသင့်သိထိုက်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဓာတ်ပုံမှတ်တမ်းများ၊ သရုပ်ပြ တင်ဆက်မှုများ စသည်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သော ပြခန်းပြကွက်များကို ပို့ဆောင်ဆက်သွယ်ရေးနှင့်နီးနွယ်ရာ ဝန်ကြီးဌာနများ ဖြစ်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းစသည့် ဌာနဆိုင်ရာများကလည်း ပြခန်းပေါင်း ၃၆ခန်း ပါဝင်ပြသထားကြသည်။

ပြပွဲတွင် သရုပ်ပြ တင်ဆက်မှုအနေဖြင့် ဖျော်ဖြေရေးစင်မြင့်တွင် ကျောင်းသူ၊ ကျောင်းသားလေးများက ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး တေးသရုပ်ဖော် အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်ကို တွေ့ရသည်။

စတုတ္ထအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း မြှင့်တင်ရေး အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ပြခန်းပေါင်း ၇၆ ခန်း ဖွင့်လှစ်၍ ယာဉ်နှင့်ပတ်သက်သော စက်ပစ္စည်း အစိတ်အပိုင်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိရာ LYNX Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးထင်ကျော်ဦးက မိမိတို့ကုမ္ပဏီအနေဖြင့် ဓာတ်ဆီ၊ ဒီဇယ်ကားများကို CNG ပြောင်းလဲတပ်ဆင်ပေးခြင်း၊ တက္ကစီအငှားယာဉ်များအား မီတာ တပ်ဆင်ခြင်း လုပ်ငန်းအပြင် မန္တလေး စက်မှုဇုန်မှထုတ်သော Mini Light Truck များကို ရန်ကုန်မြို့တော်စည်ပင်သာရေး နယ်နိမိတ်အတွင်း စီးလုံးငှား တက္ကစီဝန်ဆောင်မှုလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းပြသည်။

ဆက်လက်၍ Aung Thein Than Co.,Ltd. မှ တာဝန်ရှိသူက မိမိတို့ကုမ္ပဏီမှ မော်တော်ယာဉ်သုံး စက်ဆီချောဆီများအပြင် ဝပ်ရှော့များ၊ တာယာဆိုင်များအတွက် စိတ်တိုင်းကျဖြစ်စေပြီး အာမခံချက် အပြည့်အဝရှိသည့် နိုင်ငံတကာသုံး Automotive Equipment များနှင့် တာယာ Servising Equipment များကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိကြောင်း ပြောကြားသည်။

ပြပွဲတွင် ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ယာဉ်အမျိုးမျိုးအပြင် မော်တော်ယာဉ်နှင့် အဓိကသက်ဆိုင်သော တာယာများ၊ CNG ဆက်စပ်ပစ္စည်းများ၊ မီးပွိုင့်သုံးဆိုလာပြားများ၊ ဘက်ထရီများ၊ စက်ဆီချောဆီများ၊ ဘောဘယ်ရာရင်များ၊ ကားမှုတ်ဆေး စသည်ဖြင့် ပစ္စည်းများ စုံစုံလင်လင် ပြသရောင်းချနေသည်ကို တွေ့ခဲ့ရသည်။

စတုတ္ထအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း မြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ ပြခန်းများတွင် ယာဉ်နှင့်သက်ဆိုင်မှု မရှိသော်လည်း လာရောက်ကြည့်ရှု လေ့လာသူများ တစ်နေရာတည်းတွင် စျေးနှုန်းချိုသာစွာဖြင့် ပစ္စည်းအမယ်စုံ ဝယ်ယူနိုင်ရေး စီစဉ်ပေးထားရာ ရုံးသုံး၊ အိမ်သုံးပစ္စည်းများဖြစ်သည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ကော်ပီယာ၊ ပရင်တာ၊ပလတ်စတစ်ပစ္စည်းအမျိုးမျိုးအပြင် လူသုံးကုန်ပစ္စည်း များဖြစ်သည့် SRT SPORT SHIRTS အရောင်းပြခန်းမှ ကျားဝတ်၊ မဝတ်ရုပ်အင်္ကျီအမျိုးမျိုး၊ အိတ်မျိုးစုံအပြင် မီးဖိုချောင် သုံးပစ္စည်းများ ပါမကျန် ပြသရောင်းချလျက်ရှိသည်ကိုတွေ့ခဲ့ရသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှကြီးမှူးကျင်းပသော ယခု ပြပွဲပြိုင်ပွဲကို နိုဝင်ဘာ၁၆ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာခြင်းဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို သိရှိလိုက်နာနိုင်မည်ဖြစ်ပြီး ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းနိုင်မှုကို အထောက်အကူပြုမည် ဖြစ်သဖြင့် သွားရောက် လေ့လာမှတ်သားသင့်ပါကြောင်း။



စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူလေးများက ဤသို့သရုပ်ပြ တင်ဆက်ကြသည်။







ကွန်ပျူတာသုံး ဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကိုလည်း ပြသထားသည်။

## ပြသထား

ပြခန်းအတွင်း ပြသထားသော မော်တော်ယာဉ်သုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။







# မုတ္တမအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

မွန်ပြည်နယ် မုတ္တမအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့်ကျောင်းအုပ် ဆရာကြီး/ဆရာမကြီးများနှင့် ဆရာ/ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ရန် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးစိုးအောင် ဖုန်း-၀၅၇-၂၄၃၉၃၊ဦးစိုးမော် ဖုန်း-၀၉၈၇၀၂၀၂၅၊ ဦးမောင်လန်း(ပေါင်) ဖုန်း- ၀၉၅၃၂၂၀၃၆၊ ဒေါ်မြညွန့်ရည် (ကျောင်းအုပ်ကြီး၊ အထက-ကွေ့ဝမ်း) ဖုန်း-၀၅၇-၂၂၇၃၆၊ ဦးမျိုးမြင့် ဖုန်း-၀၁-၅၃၄၈၀၆၊ ဦးကိုကိုကြီး ဖုန်း-၀၉၅၀၁၀၃၈၆၊ ဦးသိန်းဝင်း ဖုန်း-၀၉၅၀၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း-၀၁-၂၀၀၁၃၅၊ ဦးစိုးဝင်း ဖုန်း-၀၉၅၁၁၃၁၅၉၊ ဦးကျော်ကျော်ဦး ဖုန်း-၀၉၅၀၀၇၅၇၃၊ ဦးတင်မောင် ဖုန်း- ၀၉၅၀၆၂၈၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၁-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၄၇)**
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၂၁)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် (အပိုင်း -၁၃)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

# Grand Royal Challenge Cup 2008 ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၂

**တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ (ခ)အုပ်စု ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ မလေးရှားလက်ရွေးစင်အသင်းက ဗီယက်နမ် အိုလံပစ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

| | | |
|---|---|---|
| **မလေးရှားလက်ရွေးစင်အသင်း** | - | သုံးဂိုး |
| **ဗီယက်နမ်အိုလံပစ်အသင်း** | - | ဂိုးမရှိ |
| **အကောင်းဆုံးဆု** | - | မဟာယူဒင်(မလေးရှား) |
| **ဒိုင်လူကြီး** | - | ဦးလှတင့် |

မာဒေးကားဖလားကို ပူပူနွေးနွေး ဆွတ်ခူးရရှိထားသည့် ဗီယက်နမ် အိုလံပစ်အသင်း၏ နောက်ထပ် နိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး Grand Royal Challenge Cup ပြိုင်ပွဲကိုမူ ပထမဦးဆုံးအကြိမ် ဝင်ရောက် ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ မလေးရှားအသင်းမှာမူ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရလဒ်ကောင်းဖြင့် ပြိုင်ပွဲကိုကြိုဆိုနိုင်ခဲ့သည်။

မလေးရှားလက်ရွေးစင်အသင်းမှာ ဗီယက်နမ်အိုလံပစ်အသင်းကို ခြေအသာမရခဲ့သော်လည်း ဂိုးသွင်းသေချာခဲ့၍ ဂိုးပြတ်အနိုင်နှင့်အတူ သုံးမှတ်အပြည့်ရရှိခဲ့ခြင်း ဖြစ်သည်။ ယခုပွဲအနိုင်ကြောင့် မလေးရှား လက်ရွေးစင်အသင်းမှာ ပြီးခဲ့သည့် အကြိမ် (၄၀)မြောက် မာဒေးကားဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ရသော ရှုံးကြွေးကိုပါ ပြန်ဆပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုပွဲ၏ ရလဒ်မှာ ပထမပိုင်း ၂၅ မိနစ်အတွင်း မလေးရှားအသင်းရရှိခဲ့သော ဂိုးနှစ်ဂိုးကြောင့်ဟု ပြောနိုင်ပြီး ယင်းဂိုးများမရရှိမီအထိ ဗီယက်နမ်အသင်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သောကြောင့် ဖြစ်သည်။ ပွဲအစပိုင်းတွင် ဗီယက်နမ်အသင်းက အချိတ်အဆက်မိမိဖြင့် တောက်လျှောက် ဖိကစားနိုင်ခဲ့သော်လည်း မလေးရှားအသင်းက တန်ပြန်တိုက်စစ်များမှ တစ်ဆင့် ဂိုးများသွင်းယူသွားခဲ့ခြင်းဖြစ်သည်။ ၁၇ မိနစ်တွင် ယနေ့ပွဲ၏ အကောင်းဆုံး ဘောလုံးသမားဆုရ မဟာယူဒင်က မလေးရှားအသင်းအတွက် ဖွင့်ဆော်ဦးဂိုး စတင်သွင်းယူသွားပြီး ထို့နောက်ပိုင်းတွင် မလေးရှားအသင်းက ပွဲကိုစိုးမိုးလာနိုင်သည်။ ၂၂ မိနစ်တွင် မလေးရှားအသင်း ဒုတိယဂိုးထပ်မံရရှိသွားပြီး မဟာယူဒင်ရဲ့ကန်ချက် လျှံထွက်လာရာမှ တစ်ဆင့် အမီယူဟာဒီက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းမှာ ညာခြမ်းကို အဓိကအားပြုထိုးဖောက်သွားပြီး ယင်းကစားကွက်မှပင် ဂိုးများရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင်လည်း မလေးရှားအသင်းကသာ ပွဲကိုဆက်လက်စိုးမိုးသွားပြီး ဗီယက်နမ်အိုလံပစ်အသင်းမှာ မာဒေးကားဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့်ခြေစွမ်းမျိုး မတွေ့ခဲ့ရပေ။ ထို့ပြင် ဂိုးနှစ်ဂိုးစောစီးစွာ ပေးလိုက်ရပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာ လျော့နည်းသွားခဲ့သော ဗီယက်နမ်အသင်းကို မလေးရှားအသင်းက တရစပ်ဖိအားပေးသွားခြင်းဖြစ်သည်။ ၆၉မိနစ်တွင် မလေးရှားအသင်း တတိယဂိုးထပ်မံရရှိခဲ့ပြီး ဟာဒီဂျာဖာက တစ်ကိုယ်တော်အစွမ်းပြပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံး ဘောလုံးသမားဆုရ မဟာယူဒင်(မလေးရှား)အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းက အမေရိကန်ဒေါ်လာ ၂၀၀ ချီးမြှင့်သည်။ အနိုင်ရရှိသွားသော မလေးရှားအသင်းနည်းပြ ဆာသီယာနသန်က "ဗီယက်နမ်အသင်းကစားပုံ ကောင်းပါကြောင်း၊ မာဒေးကားဗိုလ်လုပွဲတုန်းကလိုပင် မိမိတို့ကို အခက်တွေ့အောင် ကစားသွားခဲ့ကြောင်း၊ မိမိတို့အသင်း ဂိုးသွင်းခွင့်များကို အသုံးချနိုင်ခဲ့၍သာ အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ မိမိတို့ထက် တောင့်တင်းသည့် မြန်မာ၊ ဟွန်ဒိုင်းကလပ်နှင့် အင်ဒိုနီးရှားတို့ ရှိနေသေး၍ အောင်မြင်မှုရရန် ထပ်မံကြိုးစားရမည်ဖြစ်ကြောင်း" ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကိုကိုစိုးညွန့်**

**ယနေ့ပွဲ ညနေ ၃ နာရီခွဲ**

ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်နှင့်
အင်ဒိုနီးရှားလက်ရွေးစင်



**မလေးရှားအသင်း၏ ဂိုးသွင်းမှုကို ဗီယက်နမ်နောက်တန်းနှင့် ဂိုးသမားတို့ ကာကွယ်စဉ်။**

## အာရှအသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ် ဘောလုံးပြိုင်ပွဲ
## မြန်မာအမျိုးသမီးအသင်းက စင်ကာပူအမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

အာရှ အသက်(၁၆)နှစ်အောက် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းက ဂိုးအပြတ်အသတ်ဖြင့် ခြေစွမ်းပြ အနိုင်ရရှိသွားသည်။

ပြိုင်ပွဲ၏ပတ်လည်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် စင်ကာပူအမျိုးသမီးလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို လှယဉ်ဝင်းက ငါးဂိုး၊ ငွေဆွေတာရာက လေးဂိုး၊ ထရေဇာနှင့် ထက်သီဂီအေးတို့က တစ်ဂိုးစီ စုစုပေါင်း ၁၁ ဂိုးသွင်းယူနိုင်ကြသည်။

နိုဝင်ဘာ ၁၇ရက် ညနေပိုင်းတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ စတုတ္ထပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မန်ယူကစားသမားဟောင်း အင်ဒီကိုးလ် အနားယူ

နော်တင်ဟမ်ဖောရက်စ်အသင်းမှ မန်ယူကစားသမားဟောင်း တိုက်စစ်မှူးအင်ဒီကိုးလ်မှာ ဘောလုံးကစားသမားဘဝမှ အနားယူသွားပြီဟု ယနေ့ အင်တာနက်သတင်းတစ်ရပ်က ဖော်ပြထားသည်။ အင်ဒီကိုးလ်မှာ ပရီမီယာလိဂ်တွင် ပွဲပေါင်း ၄၀၇ ပွဲ ကစားခဲ့ပြီး သွင်းဂိုး ၁၈၇ ဂိုးရှိခဲ့ကာ အလန်ရှီးယားနောက်မှ ဒုတိယစွမ်းဆောင်ရည် အကောင်းဆုံး တိုက်စစ်မှူးတစ်ဦး ဖြစ်သည်။

၎င်းအား ယခင်မန်ယူအသင်းတွင် ကစားခဲ့စဉ်က ကစားဖော်ဖြစ်ခဲ့သည့် လက်ရှိဘာလက်ဘန်းနည်းပြပေါလ်အင့်စ်ကမူ အကယ်၍ အင်ဒီကိုးလ်သာ လက်ခံမည်ဆိုပါက တိုက်စစ်မှူးများအား နည်းပြပေးရန် နည်းပြအဖွဲ့တွင် ထည့်သွင်း ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။ သို့သော် အင်ဒီကိုးလ်ကမူ ၎င်းကိစ္စအား အတိအကျ ပြန်လည်ပြောကြားခြင်း မရှိခဲ့သေးပေ။

## ကမ္ဘာ့အကောင်းဆုံး ဖရီးကစ် ကန်သွင်းရှင်များ ရွေးချယ်

ကမ္ဘာကျော်ဘောလုံးအားကစားဝက်ဘ်ဆိုက်တစ်ခုမှ ကမ္ဘာအရပ်ရပ်ရှိ ဘောလုံးဝါသနာရှင်များအား ဖရီးကစ် ကန်သွင်းရှင်များကို မဲပေးရွေးချယ်စေခဲ့ရာ ဆန်ခါတင်ရှစ်ဦးစာရင်း ပေါ်ထွက်လာခဲ့သည်။ ၎င်းရှစ်ဦးထဲမှ အကောင်းဆုံး ဖရီးကစ်ကန်သွင်းရှင်တစ်ဦးကို နိုဝင်ဘာ ၁၇ရက်တွင် ထပ်မံမဲပေးရွေးချယ်ဦးမည်ဖြစ်သည်။ အဆိုပါရှစ်ဦးထဲမှ ဂျူနင်ဟိုမှာ ရေပန်းအစားဆုံးဖြစ်နေပြီး သူ့နောက်မှ ဒယ်လ်ပီယာရို၊ နာကာမူရာနှင့် ဒေးဗစ်ဘက်ခမ်းတို့မှာ အစဉ်လိုက် ရပ်တည်နေသည်။

**ဆန်ခါတင် အကောင်းဆုံး ဖရီးကစ်ရှင် ရှစ်ဦး**

| **အမည်** | **အသင်း** |
|---|---|
| ဂျူနင်ဟို | လိုင်ယွန်(ပြင်သစ်) |
| ဒယ်လ်ပီယာရို | ဂျူဗင်တပ်စ်(အီတလီ) |
| ပီယာလို | အေစီမီလန်(အီတလီ) |
| နာကာမူရာ | ဆဲလ်တစ်(စကော့တလန်) |
| ဒေးဗစ်ဘက်ခမ်း | LAဂလက်စီ(U.S.A) |
| စီရော်နယ်လ်ဒို | မန်ယူ(အင်္ဂလန်) |
| ရီကွဲလ်မီ | ဘိုကာဂျူနီယာ(အာဂျင်တီးနား) |
| ရှနိုက်ဒါ | ရီးယဲလ်မက်ဒရစ်(စပိန်) |

***အင်တာနက်။***

## မော်ရင်ဟို အင်္ဂလန်သို့ ပြန်လည်ရောက်ရှိရန် နီးစပ်နေ

ယခုတစ်လော ထွက်ပေါ်နေသည့် သတင်းများအရ ချယ်လ်ဆီးနည်းပြဟောင်း၊ လက်ရှိအင်တာမီလန်အသင်း၏နည်းပြဖြစ်သူမော်ရင်ဟိုအား အဘူဒါဘီအုပ်စုက တစ်နှစ်လုပ်ခ ပေါင် ၁၅ သန်းခန့်ဖြင့် ကမ်းလှမ်းရန်စီစဉ်နေကြောင်း သိရသည်။ လက်ရှိအချိန် မန်စီးတီးအသင်း ရင်ဆိုင်နေရသော ရလဒ်ဆိုးများကြောင့် နည်းပြမာ့ခ်ဟုချ်မှာ ဖိအားများဖြင့် ရင်ဆိုင်နေရသည်။ သို့သော် အသင်းဥက္ကဋ္ဌ ခါလ်ဒွန်အယ်လ်မူဘာရက်ကမူ မာ့ခ်ဟုချ်၏ နေရာအား မည်သူ့ကိုမျှ အစားထိုးခန့်ထားမည်မဟုတ်ဘဲ ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီဖွင့်ချိန်တွင် မာ့ခ်ဟုချ် လိုအပ်သည့် ငွေပမာဏကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် တနင်္လာနေ့က အလေးအနက်ထား ပြောကြားသွားခဲ့သည်။

မော်ရင်ဟို ချယ်လ်ဆီးမှ ထွက်ခွာချိန်တွင် တစ်နှစ်အတွင်း အင်္ဂလန်ပရီမီယာလိဂ်ကလပ် မည်သည့်အသင်းကိုမှ ပြောင်းရွှေ့ခွင့်မရှိခဲ့ပေ။ သို့သော် ယခုအချိန်တွင် ချယ်လ်ဆီးထံမှ လျော်ကြေးငွေများအားလုံးကို အပြီးအပြတ်ရရှိခဲ့ပြီးဖြစ်ခြင်းကြောင့် အင်္ဂလန်ပရီမီယာလိဂ်သို့ လွတ်လပ်စွာပြန်လည်ပြောင်းရွှေ့ခွင့်ရရှိတော့မည်ဖြစ်သည်။ ၎င်းကလည်း အင်္ဂလန်တွင် နည်းပြလုပ်ရန်ဆန္ဒရှိသည်ဟု မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။ သို့အတွက်ကြောင့် အဘူဒါဘီအုပ်စုကသာ မန်စီးတီးနည်းပြလုပ်ရန် မော်ရင်ဟိုအား အတိအကျ ကမ်းလှမ်းမည်ဆိုပါက မော်ရင်ဟိုတစ်ယောက် အင်္ဂလန်သို့ တစ်ကျော့ပြန်လည်ရောက်ရှိလာဖွယ်ရာ ရှိနေသည်။

**ဝင်းတင်(ကြေးမုံ)**

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၂

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ယွန်းယွန်းသို့ဖြည်းညှင်းစွာ ရွေ့လျားပြီး ပိုမိုအားကောင်းလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**နိုဝင်ဘာ ၁၃ ရက် ညနေထိ ခန့်မှန်းချက်။** ။ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ် ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၉၀ ဒီဂရီဖာရင်ဟိုက်) ၁၁-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၆ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၆၂ ဒီဂရီဖာရင်ဟိုက်) ၁၂-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၆၆ရာခိုင်နှုန်း ၁၂-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၆ဒသမ၉ နာရီခန့် ၁၁-၁၁-၂၀၀၈

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၁၂-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃လက်မ) | (၁၂၀ဒသမ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၁-၁၁-၂၀၀၈ ရက် ၁၁း၃၀ နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီခုနစ်မိုင်နှုန်း တိုက်ခတ်သည်။





## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ပေါင်မြို့နယ် ဖြူဘကျေးရွာရှိ တောင်သူ ဦးအေးငွေ၏ သီးထပ်ရင် ရွှေဘို(၁) အမျိုးအစား နွေစပါး ဧက ၂၀ ထွန်ယက် စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး
## ရေးမြို့နယ် အစင်စံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၂

**မွန်ပြည်နယ် ရေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၈ ရက် နံနက် ၇ နာရီတွင် ရေးမြို့နယ် အစင်စံပြကျေးရွာရှိ မြတ်သူရကုမ္ပဏီလီမိတက်၏ အအေးခန်းစက်ရုံအတွင်း ငါးမုတ်ဖြူ၊ ငါးသင်ဝါ၊ ငါးတံခွန်နှင့် ငါးခေါင်းပွများကို အေးခဲအောင်ပြုလုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် အစင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသစ်ဆောက်လုပ်လျက်ရှိသော နှစ်ထပ်စာသင်ဆောင်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး အစင်စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဆီးဖြူသောင်တံတားတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးကာ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ▲

# ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် နိုဝင်ဘာ ၁၂

**ယနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားကာ ပိုမိုအားကောင်းလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

# ပြိုင်းချောင်းရေလှောင်တမံနှင့် အပြိုင် စိုက်ပျိုးရေ ပေးဝေမည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဇီးချောင်းရေလှောင်တမံ





## သတင်းဆောင်းပါး၊ ဓာတ်ပုံ - ခင်မောင်သန်း(စက်မှု)

ရခိုင်ပြည်နယ် ကျောက်တော်မြို့သည် မိုးရေချိန် တစ်နှစ်ပျမ်းမျှ လက်မ ၁၉၀ ရွာသွန်းသော်လည်း မိုးရာသီကုန်ဆုံးသွားသောအခါ ပူပြင်းခြောက်သွေ့လာပြီး တစ်နှစ်ပတ်လုံး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေရရှိအောင် ဖန်တီးဖော်ဆောင်ပေးခဲ့ရာ ဆည်မြောင်းဦးစီးဌာနက ကျောက်တော်မြို့နယ်၌ ဇီးချောင်းရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

ဇီးချောင်းရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူ တည်ဆောက်ခြင်းဖြစ်သည်။ တမံတည်ဆောက်မှုလုပ်ငန်းများကို သိရှိနိုင်ရန်အတွက် မကွေးမြို့ တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ ဦးတင်စိုး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မကွေးမှအမ်းမြို့သို့ ထွက်ခွာခဲ့သည်။ ထို့နောက်အမ်းမြို့မှ ကျောက်တော်မြို့သို့ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

**ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဇီးချောင်းရေလှောင်တမံ မြေဖို့လုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။** (အပေါ်ပုံ)**နှင့် သီးနှံ ဧရိယာ ဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနေသော ကျောက်တော်မြို့နယ်မှ ပြိုင်းချောင်းရေလှောင်တမံကို သာယာလှပစွာ တွေ့မြင်ရစဉ်။** (ဝဲပုံ)